ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက်၊ ဗုဒ္ဓဟူးနေ့၊ (21-9-2005) (၄၇၂၅)

ရင်းရင်းနှီးနှီး နှုတ်ဆက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် **General Chaisit Shinawatra** အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ်နှင့် အဖွဲ့ဝင်များအား ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံ

ရန်ကုန် စက်တင်ဘာ ၂၀

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General Chaisit Shinawatra နှင့် အဖွဲ့ဝင်များအား ယနေ့ ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

မှတ်တမ်းတင် ဓာတ်ပုံရိုက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များနှင့် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်စစ်သေနာပတိချုပ် **General Chaisit Shinawatra**နှင့် အဖွဲ့ဝင်များနှင့်အတူ ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၂၁–၉–၂၀၀၅
(ဗုဒ္ဓဟူးနေ့)

အခြေခံကောင်းများ တည်တံ့ခိုင်မြဲဖြစ်ထွန်းအောင် နိုင်ငံတော်နှင့် ပြည်သူလက်တွဲကြိုးပမ်း စွမ်းဆောင်

မန္တလေးတိုင်း စဉ့်ကိုင်မြို့နယ်နှင့် အမရပူရမြို့နယ်တို့ အကြား ရန်ကုန်–မန္တလေးခြောက်လမ်းသွား ကားလမ်းပေါ်ရှိ ဒုဋ္ဌဝတီမြစ်ပေါ်တွင် ဖြတ်ကျော်တည်ဆောက်ထားသည့် မြစ်ငယ်တံတားကို စက်တင်ဘာလ ၁၇ ရက်နေ့က ဖွင့်လှစ်ခဲ့သည်။ အဆိုပါ တံတားဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက် အမှာစကားပြောကြားပြီး တံတား၏ ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က မြစ်ငယ်တံတားဖွင့်ပွဲ အခမ်းအနား၌ အမှာစကားပြောကြားရာတွင် **ပြည်သူများအပိုင်းကလည်း ရရှိဖြစ်ထွန်းနေပြီ ဖြစ်သည့် ငြိမ်းချမ်းသာယာမှု၊ တည်ငြိမ်အေးချမ်းမှု၊ ပေါင်းစည်းညီညွတ်မှု၊ ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ ရေရှည်တည်တံ့ခိုင်မြဲပြီး ဆက်လက်တိုးပွားဖြစ်ထွန်းစေရအောင် ဘေးပယောဂများကို ရှောင်ရှားပြီး နိုင်ငံတော် အစိုးရနှင့် ဆက်လက်လက်တွဲ ကြိုးပမ်းဆောင်ရွက်သွားကြပါ** ဟူ၍ တိုက်တွန်းပြောကြားသွားသည်။

နိုင်ငံတော်အစိုးရက ပြည်ထောင်စုအတွင်းရှိ နယ်မြေဒေသအစိတ်အပိုင်းများအားလုံး ယှက်နွယ်ပေါင်းစည်းပြီး ညီညွတ်မျှတ ဖွံ့ဖြိုးတိုးတက်လာစေရန် ဘက်ပေါင်းစုံမှ ဖန်တီးဖော်ဆောင်ပေးနေသည်။ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့် အကျိုးရလဒ်ကောင်းများကို ပြည်သူများအားလုံး မျှဝေခံစားနိုင်စေရန် အမြဲမပြတ် သုံးသပ်ကြံဆ ဖန်တီးပေးလျက်ရှိသည်။

အထူးသဖြင့် ပြည်သူများ စိတ်အေးချမ်းမြေ့လွယ်ကူစွာ ကူးသန်းသွားလာနိုင်ရေးအတွက် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး အစီအမံများကို နိုင်ငံတစ်ဝန်း ချမှတ်ဖော်ဆောင်ပေးလျက်ရှိသည်။ ကူးသန်းဆက်သွယ်ရောင်းဝယ်မှု တိုးတက်ဖြစ်ထွန်းပြီး လူမှုစီးပွားဘဝ ဘက်စုံဖွံ့ဖြိုးရေးအတွက် ပဓာနကျသည့် လမ်းမကြီးများနှင့် မြစ်ကူးချောင်းကူးတံတားကြီးငယ် အသွယ်သွယ်ကို ဦးစားပေး ဖောက်လုပ်တည်ဆောက်ပေးနေပေသည်။

ထို့ကြောင့်ပင် ရခိုင်ပြည်နယ်နှင့်ဧရာဝတီတိုင်းကဲ့သို့ မြစ်ချောင်းများပေါများလှသည့် ဒေသများတွင် တံတားကြီးများနှင့် လမ်းမကြီးများပေါ်ထွန်းလာမှုကြောင့် ပြည်သူများ လွယ်ကူစွာ သွားလာနိုင်ကြပြီဖြစ်သည်။ ရှမ်းပြည်နယ်ကဲ့သို့ တောင်တန်းနှင့် ကုန်းမြင့်ဒေသများတွင်လည်း လမ်းပန်းဆက်သွယ်မှုများ ကွန်ရက်သဖွယ် ဆက်စပ်ဖြစ်ထွန်းလာသည်ကို တွေ့မြင်နေရပြီဖြစ်သည်။

နိုင်ငံတော်က ပြည်ထောင်စုတစ်ဝန်း လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေးအတွက် ဧရာဝတီမြစ်ကူးတံတားကြီး ခုနစ်စင်း အပါအဝင် ပေ ၁၈၀ အထက် တံတားပေါင်းများစွာကို တည်ဆောက်ပေးခဲ့ရာ ယခုဖွင့်လှစ်လိုက်သည့် မြစ်ငယ်တံတားသည် ၂၀၇ စင်းမြောက် တံတားဖြစ်သည်။

မြစ်ငယ်တံတားသည် နိုင်ငံတကာအဆင့်မီ ရန်ကုန်–မန္တလေး ခြောက်လမ်းသွား နိုင်လွန်ကတ္တရာလမ်းပေါ်ရှိ ဒုဋ္ဌဝတီမြစ်ကို ဖြတ်ကျော်တည်ဆောက်ထားသော ခြောက်လမ်းသွားတံတားဖြစ်ပြီး တံတားအရှည်မှာ ပေ ၈၄၀ ရှိသည်။ တံတား၏ ထူးခြားချက်မှာ ယာဉ်တစ်စီးချင်း ခံနိုင်ဝန် ၇၅ တန်ရှိသော မြန်မာနိုင်ငံတွင် ပထမဆုံး ဖွင့်လှစ်ပေးသည့် သံကူကွန်ကရစ်တံတားကြီးပင်ဖြစ်သည်။

ယခုအခါ မြစ်ငယ်တံတားကို ဖြတ်သန်းအသုံးပြု၍ ရန်ကုန်–မန္တလေးခြောက်လမ်းသွား လမ်းမကြီးမှတစ်ဆင့် ပြည်နယ်၊ တိုင်းအသီးသီးနှင့် မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်တို့သို့ လွယ်လင့်တကူ ဆက်သွယ်သွားလာနေကြပြီဖြစ်သည်။ အနယ်နယ် အရပ်ရပ်မှ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ အပြန်အလှန် ကူးလူးဆက်သွယ်နိုင်ကြပြီဖြစ်ရာ တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို အားဖြည့်ပေးနေသည့် ပြည်ထောင်စုတံတားကြီးတစ်စင်းဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရက ပြည်ထောင်စုတစ်ဝန်း၌ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခြေခံကောင်းများကို အရှိန်အဟုန်ဖြင့် တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိသည်နှင့်အညီ ပြည်သူတစ်ရပ်လုံးကလည်း မျက်မှောက်ကာလတွင်ရရှိနေပြီဖြစ်သည့် ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများ ရေရှည်တည်တံ့ခိုင်မြဲပြီး ဆက်လက်ဖြစ်ထွန်းရေးအတွက် နိုင်ငံတော်နှင့်အတူ လက်တွဲကြိုးပမ်း စွမ်းဆောင်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းအထွေထွေ အတွင်းရေးမှူး ဦးဌေးဦး မြန်မာနိုင်ငံရှိ အာဆီယံနိုင်ငံများဖြစ်သောဖိလစ်ပိုင်သမ္မတနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ စင်ကာပူသမ္မတနိုင်ငံ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၊အင်ဒိုနီးရှားသမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတ နိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံတို့မှ သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများအား ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းသစ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ်ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံစဉ်။
(သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး အာဆီယံနိုင်ငံများနှင့် တရုတ်၊ ဂျပန်၊ ကိုရီးယားနိုင်ငံ သံအမတ်ကြီးများအားတွေ့ဆုံ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်မှု ဆွေးနွေးပြောကြား

ရန်ကုန် စက်တင်ဘာ ၂၀

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးသည် မြန်မာနိုင်ငံရှိ အာဆီယံနိုင်ငံများဖြစ်သော ဖိလစ်ပိုင်သမ္မတနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ စင်ကာပူ သမ္မတနိုင်ငံ၊ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ၊ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ၊ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံတို့မှ သံအမတ်ကြီးများနှင့် သံရုံးယာယီ တာဝန်ခံများအား ရန်ကုန်မြို့ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းသစ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ်ရုံး အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၁၀နာရီခွဲ တွင် တွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲ အခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေ အတွင်းရေးမှူး ဦးဌေးဦးနှင့်အတူ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသောင်း၊ ဗဟိုအလုပ်အမှုဆောင် ဦးစိုးသာနှင့် ပဲခူးတိုင်း(အနောက်ပိုင်း) နှင့် ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ တက်ရောက်ကြသည်။

ဆွေးနွေးပြောကြား

တွေ့ဆုံပွဲတွင် အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များ၊ နယ်မြေဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းစဉ် (၅)ရပ် နှင့် ကျေးလက်မီးလင်းရေး၊ လူမှုရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက် နေမှုအခြေအနေများကို ရှင်းနီး ပွင့်လင်းစွာ ဆွေးနွေးပြောကြားသည်။ ယင်းနောက် တက်ရောက်လာသူများ၏ သိရှိလိုသည့် မေးမြန်းချက်များကို ပြန်လည်ရှင်းလင်း ဆွေးနွေးဖြေကြားပြီး တွေ့ဆုံပွဲအခမ်းအနားကို နံနက် ၁၁နာရီ ၄၅မိနစ်တွင် ရုပ်သိမ်းလိုက်သည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေ အတွင်းရေးမှူး ဦးဌေးဦးနှင့် သံအမတ်ကြီးများ၊သံရုံးယာယီတာဝန်ခံများသည် မှတ်တမ်းတင် စုပေါင်းဓာတ်ပုံရိုက်ကြသည်။ (သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအထွေထွေအတွင်းရေးမှူး ဦးဌေးဦး မြန်မာနိုင်ငံရှိ အာဆီယံနိုင်ငံများဖြစ်သော ဖိလစ်ပိုင်သမ္မတနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ စင်ကာပူသမ္မတနိုင်ငံ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံတို့မှ သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများအား ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းသစ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ်ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံအပြီးတွင် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။
(သတင်းစဉ်)

☆ ရှေ့ဖုံးမှ

အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ တပ်မတော် စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်မြင့်ဆွေနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူတို့ တက်ရောက်ကြပြီး ထိုင်းနိုင်ငံ ထိုင်းဘုရင့် တပ်မတော် စစ်သေနာပတိချုပ် General Chaisit Shinawatra နှင့် အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Suphot Dhirakaosal နှင့် စစ်သံမှူး Col. Prissapa Suvanatat တို့လည်း တက်ရောက်ကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General Chaisit Shinawatra အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ ရွှေတိဂုံစေတီတော်ဖူးမြော်ကြည်ညို

ရန်ကုန် စက်တင်ဘာ ၂၀

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီး လည်ပတ်ရန်ရောက်ရှိနေသည့် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်စစ်သေနာပတိချုပ် General Chaisit Shinawatra ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အေးမြင့် လိုက်ပါလျက် ယနေ့ညနေ ၄နာရီ ၄၅မိနစ်တွင် ရွှေတိဂုံစေတီတော်သို့ ရောက်ရှိကြရာ ရွှေတိဂုံစေတီတော် အလှည့်ကျဂေါပကအဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြပြီး စေတီတော် တောင်ဘက်မုခ်အနီးရှိ ဧည့်ခံတန်ဆောင်း၌ ရွှေတိဂုံစေတီတော်သမိုင်းကြောင်းကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ်သည် စေတီတော် ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးပြီး ရွှေတိဂုံစေတီတော်အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ်နှင့်အဖွဲ့ဝင်များသည် ရွှေတိဂုံစေတီတော် ရင်ပြင်တော်ရှိ ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုပြီး စေတီတော်အား လက်ယာရစ် တစ်ပတ်လှည့်လည် ကြည်ညိုကြသည်။

(သတင်းစဉ်)

ရန်ကုန်မြို့တွင် ချစ်ကြည်ရေးခရီး ရောက်ရှိနေသော ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General Chaisit Shinawatra ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များ ရွှေတိဂုံစေတီတော်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အများပြည်သူသိရှိရန် အသိပေး နှိုးဆော်ချက်

၁။ ဈေးကွက်များတွင် ရောင်းချနေသော အောက်ဖော်ပြပါ **"အားဆေး"**များမှာ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်း(မရှိ)သော ဆေးဝါးများဖြစ်ပါကြောင်းနှင့် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများမှာ အရည်အသွေးအာမခံချက် မရှိပါကြောင်း အသိပေးအပ်ပါသည်။

စဉ်	ဆေးအမည်	ထုတ်လုပ်သည့်ကုမ္ပဏီအမည်	နိုင်ငံ
၁။	Vitamin B Complex	Rota Laboratories Co., Ltd.	Thailand
၂။	Cycovit 25 (Vitamin B12 25 mcg)	Chalermchai Ltd. Partnership	Thailand
၃။	F vita Capsule (Multivitamin)	Medicine Supply Co., Ltd.	Thailand
၄။	Vitamin A.D.E Capsule (100% Pure Vitamin) (Vitamin A 60,000 I.U, Vitamin D6,000 I.U, Vitamin E 400 I.U)	Hua Sheng Pharmaceuticals Ltd.	Taiwan

၂။ အများပြည်သူများသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများကို ဝယ်ယူသုံးစွဲခြင်း မပြုကြရန်နှင့် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသော ဆေးဝါးများကိုသာ စူးစမ်းဝယ်ယူသုံးစွဲရန် နှိုးဆော်အပ်ပါသည်။

၃။ ဆေးဝါးတင်သွင်းဖြန့်ဖြူးသည့် ကုမ္ပဏီ၊ ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ ဆေးဝါးအတု၊ စံမညီဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်း လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းက တည်ဆဲဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း သတိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၀

အင်းစိန်စက်မှုသိပ္ပံ(လျှပ်စစ်ဓာတ်အားပေးရေးအင်ဂျင်နီယာဌာန)မှ အငြိမ်းစားယူသွားကြသည့် ဆရာကြီးများအား နဝမအကြိမ် အာစရိယပူဇော်ပွဲကို အောက်တိုဘာ ၉ ရက်(တနင်္ဂနွေနေ့)တွင် တက္ကသိုလ်ရိပ်သာလမ်းရှိ တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အလှူငွေထည့်ဝင်လိုသူများသည် ဦးမောင်မောင်အေး ဖုန်း-၀၉၅၁၂၆၆၆၅၊ ဦးခင်မောင်မြင့် ဖုန်း-၀၉-၅၁၃၀၅၁၄၊ ဦးလှသိန်း ဖုန်း-၂၉၅၁၇၆၊ ဦးခင်မောင်ဦး ဖုန်း-၇၂၁၇၆၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။(က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၁-၉-၂၀၀၅
(ဗုဒ္ဓဟူးနေ့)

၇း၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၁၀ 'ဒါ'ဖောရိန်းမိတ်တဲ့လားဗျာ (ထူးသာ၊ ညီရော်၊ဆုပန်ထွာ)
၇း၂၅ တေးဂီတအစီအစဉ်
၇း၃၀ ပြည်တွင်းသတင်းအကျဉ်း
၇း၃၅ ကမ္ဘာ့အမြင်၊ကမ္ဘာ့စီးပွား (ဒေါက်တာခင်မောင်ညို၊ ဦးမျိုးမြတ်သူ)
၈း၁၀ တေးဂီတအစီအစဉ်
၈း၁၅ သင်ယူစရာပန်းချီပညာ (အခြေခံရေးဆွဲနည်း)
၈း၃၅ နိုင်ငံတကာသတင်းအကျဉ်း
၈း၄၀ မိုးလေဝသခန့်မှန်းချက်
၈း၄၅ ဗွီစီဒီလှိုင်းခတ်သံ (ခိုင်ထူး Best-2)
၉း၀၅ စိမ်းနေဦးမည် ဒို့မြန်ပြည်
၉း၁၅ တေးဂီတအစီအစဉ်
၉း၂၀ ပြည်တွင်းသတင်းအကျဉ်း
၉း၂၅ (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအကြို အားကစားအဖွဲ့ချုပ်များ၏ ကြိုတင်ပြင်ဆင်မှုများ (ဘော့စ်ဘော)
၉း၅၀ တေးဂီတအစီအစဉ်
၉း၅၅ နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၀ ရေနွေးငွေ့သုံး ဆန်အရောင်တင်စက်
၁၀း၂၀ တေးဂီတအစီအစဉ်
၁၀း၂၅ လွယ်ကူသက်သာ မြန်မာ့ဟင်းလျာ
၁၀း၄၀ အောင်ကိုနှင့် ဖန်တီးမှုအနုပညာ
၁၀း၅၅ တေးဂီတအစီအစဉ်
၁၁း၀၀ MRTV-4 အပိတ် Logo

အထက်ပါ (၄)နာရီစာ အစီအစဉ်များကို ည(၂၃း၀၀) နာရီအထိ (၄)ကြိမ် ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

နျူကလီးယားစာချုပ်များ ချိုးဖောက်နေကြောင်း အီရန်သမ္မတက အမေရိကန်အား စွပ်စွဲပြောကြား

ကုလသမဂ္ဂ စက်တင်ဘာ ၁၉

နျူကလီးယားလောင်စာထုတ်လုပ်နိုင်ရေးသည် အီရန်နိုင်ငံ၏ ငြင်းပယ်မရသော အခွင့်အရေးတစ်ရပ်ဖြစ်ကြောင်း အီရန်သမ္မတ အာမက်ဒီနဲရတ်က စနေနေ့တွင် ပြောကြားလိုက်ပြီး အမေရိကန်ပြည်ထောင်စုသည် ကမ္ဘာလုံးဆိုင်ရာ နျူကလီးယားစာချုပ်များအား ချိုးဖောက်နေကြောင်းကိုလည်း စွပ်စွဲပြောကြားသည်။

အီရန်နိုင်ငံက ယူရေနီယံသန့်စင်မှု အစီအစဉ်နှင့်ပတ်သက်၍ ပူးပေါင်း ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် အခြားနိုင်ငံများအား ကမ်းလှမ်းခဲ့သည်ဟု အီရန်သမ္မတက မိန့်ခွန်းတွင် ထည့်သွင်းပြောကြားသွားသည်။

ပူးပေါင်း

အီရန်နိုင်ငံ၏ ယူရေနီယံသန့်စင်ရေး အစီအစဉ် ဖော်ဆောင်ရေးတွင် အခြားနိုင်ငံများမှ ပုဂ္ဂလိကနှင့် ပြည်သူပိုင် ကဏ္ဍများက အလေးအနက် ပါဝင်ပူးပေါင်းရန် အီရန်အစိုးရက ပြင်ဆင်ထားပြီးဖြစ်သည်ဟု အာမက်ဒီနဲရတ်က ကုလသမဂ္ဂ အထွေထွေညီလာခံ အစည်းအဝေးတွင် ပြောကြားသွားခဲ့သည်။

ဖြည့်ဆည်းပေး

နျူကလီးယားလောင်စာ ဖြည့်ဆည်းရေးကန်ထရိုက်စာချုပ်များကို အခြားနိုင်ငံများနှင့် ချုပ်ဆိုရာတွင် နိုင်ငံတကာ ဥပဒေအရ စိတ်မချရကြောင်း၊ ယင်းကြောင့် အီရန်အနေဖြင့် အခြားနိုင်ငံများအပေါ် မှီခိုမှုမပြုနိုင်ကြောင်း၊ရုရှားနိုင်ငံက နျူကလီးယားလောင်စာကို ဖြည့်ဆည်းပေးရန် စာချုပ် ချုပ်ဆိုထားခဲ့သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ကျင့်သုံး

အီရန်သမ္မတက အမေရိကန်အစိုးရနှင့် အခြားနျူကလီးယား အင်အားကြီး အနောက်အုပ်စုဝင် နိုင်ငံများသည် စံချိန်နှစ်မျိုးဖြင့် ကျင့်သုံးနေကြကြောင်း၊ ၎င်းတို့က ၁၉၈၀ ပြည့်နှစ်အတွင်း စစ်ပွဲဖြစ်ပွားစဉ်က အီရန်နိုင်ငံအား ဆန့်ကျင် တိုက်ခိုက်သည့်အနေဖြင့် အီရတ်သမ္မတဟောင်း ဆက်ဒမ်ဟူစိန်က ဓာတုလက်နက်များ အသုံးပြုခဲ့မှုကို နှုတ်ဆိတ်နေခဲ့ကြသည်ဟု သမ္မတက ပြန်ပြောင်းပြောကြားခဲ့သည်။

နျူကလီးယားလက်နက်အမှန်အကန် ထုတ်လုပ် အသုံးပြုသူများအနေဖြင့် ယင်းလက်နက်များကို ဆက်လက် ထုတ်လုပ်စုဆောင်းပြီး လက်နက်များ စမ်းသပ် နေဆဲဖြစ်ကြောင်း၊ ဇီယွန်ဝါဒီ အစိုးရအား ဖျက်အားပြင်းလက်နက်များ တပ်ဆင်ပေးထားကြောင်း စသည်ဖြင့် အမေရိကန်အစိုးရကို အီရန်သမ္မတက ရည်ညွှန်း ပြောကြားသွားသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်မှအမေရိကန်တပ်ဖွဲ့ ရုပ်သိမ်းရေး ရက်သတ်မှတ်ပေးရန် ရုရှားသမ္မတပူတင်ပြောကြား

မော်စကို စက်တင်ဘာ ၁၉

အမေရိကန်နှင့် ယင်း၏အပေါင်းပါများအနေဖြင့် အီရတ်နိုင်ငံမှ တပ်ဖွဲ့များ ရုပ်သိမ်းရေးအတွက် အချိန်ဇယား သတ်မှတ်သင့်ကြောင်းဖြင့် ရုရှားသမ္မတ ပူတင်၏ တွေ့ဆုံမေးမြန်းခန်းတစ်ရပ်တွင် ပြောကြားချက်ကို ကရင်မလင်နန်းတော်က တနင်္ဂနွေနေ့တွင် ထုတ်ပြန်လိုက်သည်။

တပ်ဖွဲ့ဝင်များ ရုပ်သိမ်းမှုကို တစ်နှစ် သို့တည်းမဟုတ် နှစ်နှစ်အတွင်း ပြုလုပ်သင့်သည်ဟု ပူတင်က ပြောကြားသည်။ သို့ရာတွင် အတိအကျ သတ်မှတ်ထားသည့် အချိန်ဇယားသည် အီရတ်နိုင်ငံ၏ လုံခြုံရေး အခြေအနေပေါ်တွင် မူတည်နေသည်ဟု ပူတင်က ပြောကြားသည်။

တွေ့ဆုံမေးမြန်း

မိမိတို့က တပ်ဖွဲ့ဝင်များ အီရတ်မှ ရုပ်သိမ်းရေးအချိန်ဇယား တိတိကျကျ သတ်မှတ်ပေးနိုင်ပါက မှန်ကန်သည့် လုပ်ဆောင်မှုတစ်ရပ် ဖြစ်နိုင်မည်ဟု ပူတင်က အမေရိကန်ဖောက်စ်သတင်းဌာန၏ တွေ့ဆုံမေးမြန်းခန်းတွင် ပြောကြားခဲ့သည်။

ဖိအားပေး

တပ်ဖွဲ့ရုပ်သိမ်းရန် စည်းကမ်းအချို့ ချမှတ်ပေးရန် လိုအပ်ပြီး ချမှတ်ထားသည့် ရည်မှန်းချက် ပေါက်မြောက်စေရန်၊ ရှေ့ဆက်ဆောင်ရွက်ရန် ဖိအားပေးရမည်ဟု ပူတင်က ပြောကြားသည်။

ဆွေးနွေးသင့်

ယင်းကိစ္စနှင့် ပတ်သက်၍ မိမိတို့ တစ်နှစ် သို့တည်းမဟုတ် နှစ်နှစ်ခန့် ပြောဆို ဆွေးနွေးသင့်သည်ဟု မိမိထင်မြင်မိကြောင်း၊ မိမိထပ်မံပြောကြား ရပါက ယင်းတပ်ဖွဲ့ ရုပ်သိမ်းရေးကိစ္စသည် အီရတ်၏ အခြေအနေအပေါ် မူတည်နေကြောင်း စသည်ဖြင့် ပူတင်က ပြောကြားသည်။

ထောက်ခံ

ရုရှားအစိုးရက အီရတ်အား ကျူးကျော်တိုက်ခိုက်မှုကြောင့် အမေရိကန်နှင့် ၎င်း၏ အပေါင်းပါနိုင်ငံများအား ဝေဖန်ခဲ့သည်။

အမ်အင်အေ၊ ရိုက်တာ။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသွားသည့် အီရတ်အချို့ကို ဆေးရုံတွင် စက်တင်ဘာ ၁၈ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကနေဒါနိုင်ငံ၌ ပစ်ခတ်မှုဖြစ်၊ သုံးဦးသေဆုံး

အော့တဝါ စက်တင်ဘာ ၁၉

ကနေဒါနိုင်ငံ တိုရွန်တိုမြို့တွင် ပစ်ခတ်မှုဖြစ်ပွားရာ လူသုံးဦးသေဆုံးခဲ့ကြောင်း၊ အဆိုပါမြို့တွင် ဂိုဏ်းဂဏ အကြမ်းဖက်တိုက်ခိုက်မှုများပေါ်ပေါက်ခဲ့ပြီး ယခုနွေရာသီကာလအတွင်း လူ ၄၀ သေဆုံးခဲ့ကြောင်းဖြင့် ရဲတပ်ဖွဲ့က စနေနေ့တွင် ပြောကြားသည်။

ဖော်ပြပါ ပစ်ခတ်မှုအတွင်း လူသုံးဦး သေဆုံးခဲ့ပြီး လူနှစ်ဦး သောကြာနေ့က ထိခိုက်ဒဏ်ရာရရှိခဲ့ရာ ကနေဒါနိုင်ငံ၏ အကြီးဆုံးသော အဆိုပါမြို့တွင် ယခုနှစ်အတွင်း အကြမ်းဖက်မှုကြောင့် သေဆုံးသူဦးရေသည် ၅၈ဦးအထိ ရှိလာခဲ့ပြီး လူ၄၀ မှာ ပစ်ခတ်မှုကြောင့် သေဆုံးသူများဖြစ်ကြသည်။

သေဆုံးသွားခဲ့သူ သုံးဦးသည် ဘီအမ်ဒဗလျူမော်တော်ယာဉ်အတွင်း ထိုင်နေကြစဉ် လက်နက်ကိုင်များက ပစ်ခတ်ခဲ့ပြီး မော်တော်ယာဉ်၏ နောက်မှန်ကို ခွဲခဲ့ခြင်းဖြစ်သည်။

တိုရွန်တိုမြို့အနောက်မြောက်ပိုင်းတွင် ပစ်ခတ်မှုဖြစ်ပွားခဲ့သည်။ အဆိုပါဒေသတွင် ဂိုဏ်းအုပ်စုများ မကြာခဏ တိုက်ခိုက်နေကြပြီး ရဲတပ်ဖွဲ့က ယင်းဒေသကို စီးနင်းမှုမပြုလုပ်မီတစ်ရက်က လူ ၄၀ ကို ဖမ်းဆီးခဲ့သည်။

တိုရွန်တိုမြို့တွင် မြင်းပွဲလောင်းကစားမှုများ ဆယ်စုနှစ်အတန်ကြာက ပေါ်ပေါက်ခဲ့ရာမှ ဂိုဏ်းအုပ်စု အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ပြီး နွေရာသီကာလတိုင်းတွင် အပြစ်ကင်းစင်သူပြည်သူများသည် တစ်ဖက်နှင့်တစ်ဖက် ပစ်ခတ်မှုအကြားတွင် သေဆုံးခဲ့ကြရသည်။

အမေရိကန်ပြည်ထောင်စုမှလက်နက်များ ကနေဒါနိုင်ငံအတွင်း မှောင်ခိုခိုးသွင်းမှု မြင့်တက်လာခြင်းကြောင့် အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု ကနေဒါရဲတပ်ဖွဲ့က အပြစ်တင်ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ငှက်ဖျားရောဂါပိုးပျံ့နှံ့ပုံ သုတေသီများ လေ့လာတွေ့ရှိ

ဝါရှင်တန် စက်တင်ဘာ ၁၉

ငှက်ဖျားရောဂါ ကုသရာတွင် ပိုမိုကောင်းမွန်သော နည်းလမ်းများ ပေါ်ပေါက်လာရေးကို ဦးတည်သည့် အရေးပါသော သုတေသန တွေ့ရှိချက်တစ်ရပ်အဖြစ် သွေးနီဥများမှ ငှက်ဖျားရောဂါပိုး ပျံ့နှံ့သွားပုံ အစီအစဉ်ကို အမျိုးသားကလေးကျန်းမာရေးနှင့် လူသားဖွံ့ဖြိုးတိုးတက်ရေးဌာန (အင်အိုင်စီအိပ်ချ်ဒီ)မှ သိပ္ပံပညာရှင်များက ဖော်ထုတ်ခဲ့ကြကြောင်း ပီတီအိုင်သတင်းဌာနက သတင်းထုတ်ပြန်သည်။

ယခုတွေ့ရှိချက်သည် ငှက်ဖျားရောဂါကုသရာတွင် ဖြစ်နိုင်ခြေရှိသော နည်းလမ်းသစ်များအတွက် အုတ်မြစ်ချပေးလိုက်ခြင်းဖြစ်ကြောင်း အင်အိုင်စီအိပ်ချ်ဒီ ညွှန်ကြားရေးမှူး ဒွန်အလက်ဇန်းဒါးက ပြောကြားသည်။

ငှက်ဖျားရောဂါပိုးသည် ငှက်ဖျားရောဂါကုဆေးဝါးများကို အာခံနိုင်သည့် ခုခံအားကြီးထွားလာကြောင်း၊ ရောဂါကြီးတင်ကာကွယ်ရေးအတွက် မဟာဗျူဟာများ ချမှတ်ရန် နည်းပညာသစ်များ မုချလိုအပ်လာပြီဖြစ်ကြောင်း၎င်းက ဆက်လက်ပြောကြားသည်။

သွေးနီဥများမှ ငှက်ဖျားရောဂါပိုး ပျံ့နှံ့ပုံနှင့် ပတ်သက်သည့် ယခင်အယူအဆများကို ယခုလေ့လာ တွေ့ရှိချက်ဖြင့် အစားထိုးလိုက်ပြီဖြစ်သည်။ ယင်းတွေ့ရှိချက်ကို မျက်မှောက်ခေတ် ဇီဝဗေဒပညာဂျာနယ်တွင် ဖော်ပြထားသည်။

အမ်အင်အေ၊ပီတီအိုင်။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့အနီးတွင် ဗုံးပေါက်ကွဲမှုကြောင့် ရထားတစ်စင်းမီးလောင်နေသည်ကို စက်တင်ဘာ ၁၈ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်တွင် ခုခံတိုက်ခိုက်မှုများ အရှိန်အဟုန်မြင့် ဗြိတိသျှတပ်ဖွဲ့ ရုပ်သိမ်းရေး အခက်အခဲတွေ့

လန်ဒန် စက်တင်ဘာ ၁၉

မကြာသေးမီကာလမှစ၍ အီရတ်နိုင်ငံတွင် ခုခံတိုက်ခိုက်မှုများ အရှိန်အဟုန် မြင့်တက်လာနေခြင်းကြောင့် ယင်းနိုင်ငံတွင် တာဝန်ထမ်းဆောင်နေသော တပ်ဖွဲ့ဝင် အရေအတွက်ကို လျှော့ချမည့် ဗြိတိသျှအစိုးရ၏ အစီစဉ်မှာ အကောင်အထည် ပေါ်လာတော့မည်မဟုတ်ကြောင်း ဗြိတိန်နိုင်ငံတွင် ထုတ်ဝေသော ဆန်းဒေးတယ်လီဂရပ်ဖ် သတင်းစာက စနေနေ့တွင် ရေးသားဖော်ပြသည်။

အီရတ်နိုင်ငံတွင် ပြည်တွင်းစစ်ဖြစ်ပွားရန်ဦးတည်နေသည့် အခြေအနေများ ပေါ်ပေါက်လျက်ရှိစဉ် ယင်းနိုင်ငံမှ ဗြိတိသျှတပ်ဖွဲ့ဝင်များပြန်လည်ရုပ်သိမ်းမည့် နေ့ရက်ကို အစိုးရက တရားဝင် သတ်မှတ်နိုင်ခြင်း မရှိတော့ကြောင်း အဆိုပါ သတင်းစာက ရေးသားဖော်ပြသည်။

ဗြိတိသျှ ကာကွယ်ရေးဝန်ကြီး ဂျွန်ရိဒ်က မည်သည့်အခါတွင်မျှ ထုတ်ပြန်ကြေညာခဲ့ခြင်း မရှိသည့် ကနဦး အစီအစဉ်အရ ဗြိတိသျှ တပ်ဖွဲ့ဝင် ထောင်ပေါင်းများစွာကို လာမည့်လထက် နောက်မကျဘဲ ရုပ်သိမ်းရန်နှင့် ကျန်ရှိသော တပ်ဖွဲ့ဝင်များကို ၂၀၀၆ ခုနှစ် နှစ်လယ်ထက် နောက်မကျဘဲ ရုပ်သိမ်းရန်ဖြစ်ကြောင်း သတင်းစာက ရေးသားသည်။

အီရတ်နိုင်ငံတွင် ဗြိတိသျှတပ်ဖွဲ့ဝင်များ ကာလရှည် နေထိုင်ရမည့်အရေး အတွက် မိမိရင်လေးမိကြောင်း ယင်းနိုင်ငံတွင် တာဝန်ထမ်းဆောင်နေသော ဗြိတိသျှကြည်းတပ်မှ ဗိုလ်ချုပ်တစ်ဦးကပြောကြားကြောင်း ဆန်းဒေးတယ်လီဂရပ်ဖ်သတင်းစာက ဆက်လက်ဖော်ပြသည်။

အင်တာနက်။

အီရတ် အနောက်ပိုင်းတွင် ကန်တပ်ဖွဲ့ဝင်လေးဦး သေဆုံး

ဘဂ္ဂဒက် စက်တင်ဘာ ၂၀

အီရတ်နိုင်ငံ အနောက်ပိုင်းတွင် တနင်္လာနေ့က ခုခံတိုက်ခိုက်ရေးသမားများ၏ လက်ချက်ကြောင့် အမေရိကန်တပ်ဖွဲ့ဝင်လေးဦး သေဆုံးခဲ့ရာ အီရတ်တွင် သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေသည် ၁၉၀၃ ဦးအထိ ရောက်ရှိသွားပြီဖြစ်ကြောင်း အမေရိကန်စစ်ဘက်က အင်္ဂါနေ့တွင် ပြောကြားသည်။

အီရတ်နိုင်ငံတွင် သေဆုံးခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင်လေးဦးမှာ မရိန်းတပ်ဖွဲ့ဝင်များဖြစ်ကြပြီး မတည်မငြိမ်ဖြစ်နေသော ရာမာဒီမြို့တွင် တနင်္လာနေ့ကဖြစ်ပွားသော သီးခြား ဗုံးဖောက်ခွဲတိုက်ခိုက်မှုနှစ်ရပ်အတွင်း သေဆုံးခဲ့ရသည်။ ရာမာဒီမြို့သည် ဘဂ္ဂဒက်မြို့အနောက်ဘက် ၁၁၅ ကီလိုမီတာအကွာတွင်ရှိသည်။ အီရတ်နိုင်ငံတွင် ခုခံတိုက်ခိုက်ရေးသမားများက အမေရိကန်တပ်ဖွဲ့ဝင်များကို လမ်းဘေးဗုံးခွဲမှုများဖြင့် ဆက်လက်တိုက်ခိုက်လျက်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။



ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် အထူးရွှေဆိုင်စစ်ဆေး ရွှေဒင်္ဂါးပြားများနှင့် လက်ဝတ်ရတနာများရောင်းချမည်

ရန်ကုန် စက်တင်ဘာ ၂၀

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် အများပြည်သူများ လွယ်ကူလွတ်လပ်စွာဝယ်ယူနိုင်ရန်အတွက် သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၏ အထူးရွှေဆိုင်ကြီးဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်အုန်းမြင့်သည် ယနေ့မွန်းလွဲပိုင်းတွင် အထူးရွှေဆိုင်ကြီး ဖွင့်လှစ်မည့် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်မြေညီထပ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာသို့ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးလှသိန်း၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေ၊ မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း (မန္တလေး)တို့မှ နာယကများ၊ ဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။



သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေး လုပ်ငန်း၏ အထူးရွှေဆိုင်ကြီးမှရောင်းချမည့် တစ်မတ်သား၊ ငါးမူးသား၊ တစ်ကျပ်သား ရွှေဒင်္ဂါးပြားများကို တွေ့ရစဉ်။ (သတင်းစဉ်)

ကြည့်ရှုအားပေး

ရှေးဦးစွာ ဝန်ကြီးဗိုလ်မှူးချုပ်အုန်းမြင့်သည် အထူးရွှေဆိုင်ကြီး ကြိုတင်ပြင်ဆင်မှုများကို အသေးစိတ် ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို တာဝန်ရှိသူများအား မှာကြားကာ မြေညီထပ်၌ ရောင်းချလျက်ရှိသော ရတနာရွှေဆိုင်များအား ကြည့်ရှုအားပေးသည်။

မြန်မာ့ ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၏ အထူးရွှေဆိုင်ကြီးတွင် ယနေ့မှစတင်၍ ရွှေတစ်ကျပ်သားလျှင် ငွေကျပ်သုံးသိန်းဖြင့် ရောင်းချပေးသည်။ အထူးသဖြင့် အဆိုပါဆိုင်ကြီး၌ ရွှေဒင်္ဂါးပြား တစ်မတ်သား၊ ငါးမူးသား၊ တစ်ကျပ်သား ရွှေဒင်္ဂါးပြားများကို ရောင်းချသွားမည့်အပြင် အသင့်ဝတ်ဆင်နိုင်သော ကျောက်စိမ်း၊ ကျောက်မျက်လက်ဝတ်ရတနာများပါ ရောင်းချပေးသွားမည်ဖြစ်သည်။

ရောင်းချရန်စီစဉ်ထား

အထူးရွှေဆိုင်ကြီးဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၁ရက် နံနက် ၁၀ နာရီခွဲတွင် ကျင်းပပြီး အများပြည်သူများအား ရောင်းချသွားရန်စီစဉ်ထားသည်။ (သတင်းစဉ်)

နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် အများပြည်သူများ လွယ်ကူ လွတ်လပ်စွာဝယ်ယူနိုင်ရန် အတွက် သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏ အထူးရွှေဆိုင်ကြီး ဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်မှု လုပ်ငန်းများကို သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် အုန်းမြင့် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မိုးကုတ်ဝိပဿနာ ၁၀ရက်တရားစခန်းပွဲ

ရန်ကုန် စက်တင်ဘာ ၂၀

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏမြို့ သံသုမာလမ်းရှိ သုဝဏ္ဏသိင်္ဂီ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာတွင် ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း အောက်တိုဘာ ၃ရက်မှ ၁၂ရက်အထိ မိုးကုတ်ဝိပဿနာ အဖွဲ့ချုပ်ကြီး၏ နာယက၊ သုဝဏ္ဏသိင်္ဂီဓမ္မရိပ်သာကျောင်း၏ ပဓာနနာယက မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တကစ္စာယနအရှင်သူမြတ်နှင့် ဓမ္မကထိကဆရာကြီး ဦးလေးမောင်(ပေါင်းတည်)တို့က ပဋိစ္စသမုပ္ပာဒ်သစ္စာလေးပါး တရားတော်များကို ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသော ယောဂီများသည် ရိပ်သာ ဖုန်း- ၅၇၂၃၉၅သို့ စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ (က-ပ)

မြန်မာ-မလေးရှားချစ်ကြည်ရေး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ကြည့်ရှုအားပေး

ရန်ကုန် စက်တင်ဘာ ၂၀

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)(သုဝဏ္ဏ)၌ ကျင်းပသော မြန်မာ-မလေးရှားချစ်ကြည်ရေး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲသို့ တက်ရောက်၍ ကြည့်ရှုအားပေးသည်။

ဖွင့်ပွဲတွင် ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်း အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးချစ်ခိုင်နှင့် မလေးရှားနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ မလေးရှားနိုင်ငံ ပိုက်ကျော်ခြင်း အသင်းခေါင်းဆောင် Mr. Dato HJ Ahmad Ismail တို့က တစ်ဦးချင်း လိုက်လံနှုတ်ဆက်ကြသည်။

ဆက်လက်၍ နှစ်နိုင်ငံအသင်း အုပ်ချုပ်သူများက အမှတ်တရ အလံများကို လဲလှယ်ကြသည်။ ယင်းနောက် မြန်မာ-မလေးရှားချစ်ကြည်ရေးပိုက်ကျော်ခြင်း ပြိုင်ပွဲကို စတင်ကျင်းပရာ ပြိုင်ပွဲသုံးပွဲကျင်းပပြီး မလေးရှားအသင်းက နှစ်ပွဲ၊ မြန်မာအသင်းက တစ်ပွဲအနိုင်ရရှိကြသည်။

အမျိုးသား Double Regu ပြိုင်ပွဲ၌ မလေးရှားအသင်းနှင့် မြန်မာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မလေးရှားအသင်းက (၁၆-၂၁)မှတ်၊ (၂၁-၁၉)မှတ်၊ (၁၅-၁၂)မှတ်ဖြင့် အနိုင်ရရှိသွားသည်။

အမျိုးသား Regu Event ပြိုင်ပွဲ၏ ပထမပွဲစဉ်တွင်မြန်မာအသင်းက (၂၁-၁၃)မှတ်၊ (၁၃-၂၁) မှတ်၊ (၁၅-၉)မှတ်ဖြင့် အနိုင်ရရှိသွားသည်။

အမျိုးသား Regu Event ပြိုင်ပွဲ၏ ဒုတိယပွဲစဉ်တွင် မလေးရှားအသင်းနှင့် မြန်မာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မလေးရှားအသင်းက(၂၂-၂၀)မှတ်၊ (၂၁-၁၆)မှတ်ဖြင့် အနိုင်ရရှိသွားသည်။

စက်တင်ဘာ ၂၂ရက် မွန်းလွဲ ၂နာရီတွင် မြန်မာ-မလေးရှား ချစ်ကြည်ရေး ပိုက်ကျော်ခြင်း ပြိုင်ပွဲကို ယင်းအားကစားပြိုင်ပွဲရုံ၌ ဆက်လက်ကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် ဧည့်သည်တော်များ မြန်မာ-မလေးရှားချစ်ကြည်ရေး ပိုက်ကျော်ခြင်းပြိုင်ပွဲ ပထမနေ့ပွဲစဉ်အဖြစ် အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲကို ကြည့်ရှုအားပေးစဉ်။ (ကြေးမုံ)



မဟာစည်ဗုဒ္ဓသာသနာပြုသင်တန်း စာအောင်သံဃာနှစ်ပါးအား အောင်လက်မှတ်ဆက်ကပ်

ရန်ကုန် စက်တင်ဘာ ၂၀

ကမ္ဘာအေးစေတီလမ်းရှိ မဟာစည်သာသနာ့ရိပ်သာ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓသာသနာပြု သင်တန်းဌာန၏ ၂၀၀၄/၂၀၀၅ ပညာသင်နှစ်အတွက် ဖေဖော်ဝါရီလတွင် ကျင်းပခဲ့သော "Mahar International Meditation Teachership" စာမေးပွဲကို အောင်မြင်တော်မူကြ၍ သံဃာတော်နှစ်ပါး၏ အောင်လက်မှတ် ဆက်ကပ်ပွဲကို စက်တင်ဘာ ၁၇ရက်က ကျင်းပသည်။

အခမ်းအနားတွင် သင်တန်းမှူး ဦးကိုကိုက စာအောင်သံဃာတော် ဘဒ္ဒန္တဝိစာရ (သာသနဓဇဓမ္မာစရိယ) နှင့် ဘဒ္ဒန္တဝေဠုရိယ (သာသနဓဇ ဓမ္မာစရိယ အစိုးရ နိကယ်ဝိနယဝိဒူ) တို့၏ ကိုယ်ရေး အတ္တုပ္ပတ္တိကိုဖတ်ကြားပြီး သင်တန်းနည်းပြ ဆရာတော် ဘဒ္ဒန္တကဝိဓဇက ဂုဏ်ပြုပူဇော်ပွဲကျင်းပရခြင်း အကြောင်းကို လျှောက်ထားသည်။ ထို့နောက် သင်တန်းကျောင်း ဒုကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တဝေပုလ္လက ရွှေပုစွန်ကုမ္ပဏီပိုင်ရှင် အဂ္ဂမဟာသီရိသုဓမ္မ သိင်္ဂီဘွဲ့ရ ဒေါ်ခင်နွဲ့ရီ မိသားစုတို့က အလှူငွေကျပ် ၁၀၂၅၈၀၀ ကျပ် လှူဒါန်းမှုစာရင်းကို ဖတ်ကြားလျှောက်ထားပြီး ဗုဒ္ဓသာသနာ အနုဂ္ဂအဖွဲ့ချုပ်ဥက္ကဋ္ဌဦးတင်ဝမ်နှင့် ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဦးတင်စိုးလင်းတို့က သံဃာတော်များအား လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းကာ ကျောင်းအုပ်ဆရာတော်က စာအောင်သံဃာနှစ်ပါးအား အောင်လက်မှတ် ဂုဏ်ပြုလွှာ ပေးအပ်သည်။ (က-ပ)

ရန်ကုန်မြို့ သာကေတမြို့နယ် ရေနံ့မြေ တိုက်(၄) အခန်း(၄)နေ ဦးတင်အောင်-ဒေါ်အေးအေးမူမိသားစုတို့က ဒေါ်အေးအေးမူ၏ မွေးနေ့အထိမ်းအမှတ်အဖြစ် သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီးအတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ဝင် ပါမောက္ခဒေါက်တာဒေါ်မေဝင်းအောင်ခင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ကမ္ဘာလှည့်ခရီးသည်များ လုံခြုံမှုစောင့်ရှောက်ရေးသင်တန်း ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၀

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကမ္ဘာလှည့်ခရီးသည်များ လုံခြုံမှု စောင့်ရှောက်ရေးသင်တန်း အမှတ်စဉ် (၁၂/၂၀၀၅)ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၈နာရီတွင် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုစည်းခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ကိုယ်စား ရဲထောက်ချုပ် ရဲမှူးချုပ်ဝင်းစိုး တက်ရောက်အမှာစကားပြောကြားသည်။

သင်တန်းသို့ ရဲအရာရှိ ၄၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၂ပတ် ကြာမြင့်မည်ဖြစ်သည်။ (သတင်းစဉ်)

ဂုဏ်ပြုလွှာပေးအပ်

ကျောက်တန်းမြို့နေ ဒေါ်ခင်မြင့်အေး မိသားစုက အလှူငွေကျပ်တစ်သိန်းကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း (၁၆/၂)ရပ်ကွက် သင်္ဃန်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း(ရန်ကုန်)သို့ လှူဒါန်းရာ တွဲဖက်ဘဏ္ဍာရေးမှူး ဒေါ်ဒေဝီခင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်စဉ်။ (က-ပ)

အရှေ့၌ ထွက်ခဲ့သော နေမင်း အနောက်၌ ကွယ်ခဲ့ခြင်း

သီတဂူအရှင်ဉာဏိဿရ (အဂ္ဂမဟာပဏ္ဍိတ)
D. Lit, Ph.D

အရှင်သီလာနန္ဒာဘိဝံသဟာ ထေရဝါဒ ဗုဒ္ဓဘာသာဝင်တို့ရဲ့ လောကမှာ ရှုံ့ကြယ်သဖွယ် ဖြစ်ပါတယ်။ သူဟာ တကယ်တော့ မြန်မာနိုင်ငံ စစ်ကိုင်းတောင်ရိုးရဲ့ နေလသဖွယ်လည်း ဖြစ်ပါတယ်။ စစ်ကိုင်းတောင် ဝိဇ္ဇောဒယချောင်မှ ထွက်ပေါ်လာခဲ့တဲ့ သာသနာ့အာဇာနည် ရဟန်းတစ်ပါးဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ ဆရာတော်ဟာ ရွှေကျင်ဂိုဏ်းသား ရဟန်းတော်တစ်ပါး ဖြစ်သော်လည်း မြန်မာနိုင်ငံရှိ ရွှေကျင်၊ ဒွါရ၊ သုဓမ္မာ သံဃာဂိုဏ်း အားလုံးတို့ရဲ့ လေးစားချစ်ခင်မှုကို ရရှိတဲ့ ဆရာတော်တစ်ပါးလည်း ဖြစ်ပါတယ်။ ဆရာတော်သည် ပါဠိနှင့် သက္ကတစာပေများကို ကျွမ်းကျင်နိုင်နင်းစွာ တတ်မြောက်တော်မူပြီး ပိဋကတ်သုံးပုံကို အင်္ဂလိပ်ဘာသာဖြင့် နိုင်နင်းစွာ ဟောကြားပို့ချခဲ့သော ဆရာတော်တစ်ပါးလည်း ဖြစ်ပါတယ်။

မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့က ရိုက်နှိပ်ထုတ်ဝေတဲ့ ပါဠိ-မြန်မာ အဘိဓာန်စာအုပ်ကြီးကို လန်ဒန်ပါဠိအသင်းကြီး၏ အဘိဓာန်ကဲ့သို့ ကမ္ဘာ့အဆင့်မီအောင် စီမံလမ်းညွှန်ပေးခဲ့တဲ့ ပုဂ္ဂိုလ်လည်း ဖြစ်ပါတယ်။ ဆရာတော်သည် စစ်ကိုင်းတောင်ရိုး မဟာဓမ္မကထိကအကျော် အနီးစခန်း ဆရာတော်နှင့်လက်တွဲ၍လည်းကောင်း၊ မဟာကမ္မဋ္ဌာနာစရိယအကျော် မဟာစည်ဆရာတော်ကြီးနှင့် လက်တွဲ၍လည်းကောင်း အမေရိကန်ပြည်ထောင်စုသို့ သာသနာပြု ကြွရောက်တော်မူခဲ့ရာ နှစ်ပေါင်း ၂၅ နှစ်နီးပါး အမေရိကန်ပြည်ထောင်စု၌ အဘိဓမ္မာနှင့် ဝိပဿနာသင်တန်းများ ပို့ချခြင်း၊ စာအုပ်စာတမ်းများ ရေးသားထုတ်ဝေခြင်းဖြင့် အမေရိကန်ရောက် မြန်မာထေရဝါဒသာသနာပြု ရဟန်းတော်အားလုံးတို့၏ မီးရှူးတန်ဆောင်ကြီးသဖွယ်လည်း ဖြစ်တော်မူပါတယ်။

ဆရာတော်သည် အမေရိကန်ပြည်ထောင်စု၌ သာသနာပြုစဉ် ထေရဝါဒ ဗုဒ္ဓဘာသာဝင်တို့၏ ကြည်ညိုလေးစားမှုကို ခံယူရရှိရုံမျှမက တိဘက်၊ တရုတ်၊ ဂျပန်၊ ဗီယက်နမ်၊ ကိုရီးယား မဟာယာန ဗုဒ္ဓဘာသာဝင်တို့၏ ကြည်ညိုလေးစားမှုကိုပါ ရရှိသဖြင့် ဆရာတော်၏ ကြည်ညိုဖွယ်ကို ဆောင်နိုင်သည့် ဂုဏ်မှာ အံ့ချီး၍မကုန်အောင် ရှိတော်မူပါတယ်။

ဆရာတော်သည် ပါဠိ၊ သက္ကတ၊ အင်္ဂလိပ်၊ မြန်မာ ကျမ်းဂန်စာပေတို့ကို တတ်ကျွမ်းသော **"အဂ္ဂမဟာပဏ္ဍိတ"** ဖြစ်ရုံမျှသာမက သတိပဋ္ဌာန် လေးပါး ဝိပဿနာတရားတို့ကို ထေရဝါဒ ပိဋကတ်နှင့်အညီ လူတိုင်း လက်ခံနိုင်အောင် စနစ်တကျ ပြသတော်မူနိုင်စွမ်းရှိသည့်အတွက် **"အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ"**လည်း ဖြစ်တော်မူပါတယ်။ ဆရာတော်သည် ယခု ခန္ဓာဟောင်းကို စွန့်လွှတ်ရသည့်အချိန်၌ သက်တော်(၇၈)နှစ်ရှိပါပြီ။

ယခုအခါ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဖြစ်တော်မူသော အရှင်သီလာနန္ဒာဘိဝံသဟူသော ရှုံ့ကြယ်သည် မြောက်ဝင်ရိုးစွန်းမှာ ကွယ်ခဲ့ပြီတကား။ မြန်မာနိုင်ငံ ရွှေကျင်ဂိုဏ်းသား ထေရဝါဒ ဗုဒ္ဓသာသနာပြု သားကောင်းရတနာတစ်ပါးသည် အမေရိကတိုက်တည်းဟူသော မြောက်ကျွန်းတွင် ကွယ်ခဲ့ပြီဖြစ်၍ သာသနာတော် တစ်ရပ်လုံးအတွက် အကြီးအကျယ် ဆုံးရှုံးခဲ့ရလေပြီတကား။

သို့သော် ဆရာတော် ထွန်းညှိတော်မူခဲ့သော သတိပဋ္ဌာန် အဘိဓမ္မာ ဆီမီးတိုင်သည် အမေရိကမှာသာမက ကမ္ဘာ့အရပ်ရပ်တွင် ဆက်လက်၍ ထွန်းတောက်နေမည်ဟု ယုံကြည်မိပါသည်။ ထိုသတိပဋ္ဌာန်နှင့် အဘိဓမ္မာ ဆီမီးတိုင်ကို မြန်မာထေရဝါဒ သာသနာပြု ရဟန်းတော်တို့ လက်ဆင့်ကမ်း၍ ဆက်လက်ထွန်းညှိတော်မူနိုင်ကြပါစေသတည်းဟူ၍ လေးနက်စွာ ဆန္ဒပြုလိုက်ရပါသတည်း ...။

မြစ်တို့သည် ရေတို့ကို သိုလှောင်သယ်ဆောင်၍ လူတို့အား ကျေးဇူးပြုကုန်၏။ သစ်ပင်တို့သည် အသီးဖြင့် လူတို့အား ကျေးဇူးပြုကုန်၏။ နေသည် ပူနွေးသော ရောင်ခြည်ဖြင့် လူတို့အား ကျေးဇူးပြုကုန်၏။ လစန္ဒာသည် အေးမြသော ရောင်ခြည်ဖြင့် လူတို့အား ကျေးဇူးပြုကုန်၏။ ပညာရှိတို့သည် ပညာမျက်လုံး (The Eye of Wisdom) ပေး၍ လူတို့အား ကျေးဇူးပြုတော်မူကြကုန်၏။

မြစ်၊ ချောင်း၊ သစ်ပင်နှင့် နေ၊ လတို့၏ ကျေးဇူးကား လူတို့အသက်ရှင်ရုံမျှသာတည်း။ အသက်ရှင်နေသော လူတို့၏ ဘဝတန်ဖိုးကား ပညာတည်း။ ပညာကင်းသူတို့၏ ဘဝကား အကန်းတည်း။ အကန်းကမ္ဘာ၌ ပညာမျက်လုံးပေးသော ပညာရှိကား လူသားတို့၏ ကြီးမြတ်သော ကျေးဇူးရှင် (Great Benefactor of Mankind) ဖြစ်ပေသည်။ လူတို့၏ ကျေးဇူးရှင်၊ လူတို့၏ မျက်လုံးတစ်ဆူ ဖြစ်တော်မူသော အရှင်သီလာနန္ဒာဆရာတော်သည် ၂၀၀၅ ခုနှစ် ဩဂုတ်လ ၁၃ ရက်နေ့က ကွယ်ခဲ့ပြီတကား။

သရီရနှင့် ဂုဏ ဤနှစ်ဝတို့သည် လွန်စွာခြားနားကြကုန်၏။ သရီရ (Body)သည် ကန့်သတ်ချက်ဖြင့် ရှင်ရ၏။ ကံ၊ စိတ်၊ ဥတု၊ အာဟာရတို့က ကန့်သတ်ထားသောကာလ (တိုတောင်းသောကာလ) အတွင်းမှာပင် ပျက်စီးပျောက်ကွယ်ရ၏။ မြက်ပင်များ၌ သီးနေသော နှင်းရည်ပေါက်တို့သည် နေရောင်ခြည်ပေါ်ပေါက် အပူရှိန်တောက်လျှင် ကွယ်ပျောက်ကြကုန်၏။ မှည့်နေသော အသီးတို့သည် နေအရှိန်တက်သောအခါ ကြွေကျရကုန်၏။ အိုးထိန်းသည် လုပ်သမျှ အိုးတို့သည် ကွဲခြင်းဖြင့် အဆုံးသတ်ကြရ၏။

သတ္တဝါအားလုံး သေခြင်းမှာ ဆုံးရ၏။ သတ္တလောကတစ်ခုလုံး၏ အမြတ်ဆုံး ပညာရှိတစ်ဆူဖြစ်တော်မူသော သမ္ဗုဒ္ဓသည်ပင် ခန္ဓာဟောင်းကို စွန့်ရပြီတကား။ သို့သော် သမ္ဗုဒ္ဓသည် သေခြင်း၏အမြစ် အဝိဇ္ဇာနှင့် တဏှာကို ထန်းပင်ငုတ်ကဲ့သို့ နုတ်အပ်ပြီဖြစ်သောကြောင့် သမ္ဗုဒ္ဓ၏ ဘဝအဆုံးကို သေခြင်းဟု မဆိုသာ။ သမုဒယနှင့် ဒုက္ခတို့၏ အကြွင်းမဲ့ ချုပ်ငြိမ်းခြင်း ပရိနိဗ္ဗာန်သာ ဖြစ်၏။

သဟမ္ပတိက ဤသို့ဆိုသော် သက္ကမင်းလည်း ဆိုပြန်၏။ "ကံ၊ စိတ်၊ ဥတု၊ အာဟာရတို့ဖြင့် ပြုပြင်အပ်သော သင်္ခါရတိုင်းမှာ ဥပ္ပါဒနှင့် ဝယတို့ ရှိကြကုန်၏။ မြတ်ဗုဒ္ဓသည် ဥပ္ပါဒနှင့် ဝယတို့၏ အဆုံးသို့ ရောက်ခဲ့ပြီတကား။ ထိုဥပ္ပါဒနှင့် ဝယတို့ အဆုံးသတ်သွားခြင်းသည် ချမ်းသာစစ်ပေတကား။"

သမ္ဗုဒ္ဓ ရှင်တော်သည် စင်စစ် ကွယ်ပျောက်ခဲ့သည်မဟုတ်။ သူ၏ ဓမ္မတို့ ရှိနေသမျှ သူရှိနေသည်နှင့် အတူတူပင်ဖြစ်၏။ သီလကို ချစ်နှစ်သက်တော်မူသော သီလာနန္ဒ၊ ဓမ္မကို ချစ်နှစ်သက်တော်မူသော ဓမ္မာနန္ဒ ဆရာတော်၏ ဂုဏ်ကျေးဇူးတို့ကား ကမ္ဘာကုန်ဆုံးသည့်တိုင်အောင် တည်ရှိနေကြမည်သာတည်း။

ပြင်းထန်သော ဦးနှောက်ရောဂါ ဒုက္ခဝေဒနာကို ညည်းညူခြင်းမရှိ သည်းခံတော်မူရှာသော ဆရာတော်၏သတင်းကို အင်တာနက်မှ ကြားသိရသောအခါ မြတ်ဗုဒ္ဓ၏ ပရိနိဗ္ဗာန်၌ အရှင်အနုရုဒ္ဓါ၏ ဆရာဝန်အလား ကြေညာသွားသည်ကို သတိရမိပါသည်။ "ခိုင်ခံ့သော စိတ်ဓာတ်ရှိသော မြတ်စွာဘုရား၏ ထွက်လေဝင်လေသည် ဖြစ်ပေါ်ခြင်းမရှိ ရပ်စဲသွားပြီ။ သန္တိကို အာရုံပြုနေသော မြတ်ဗုဒ္ဓသည် တုန်လှုပ်ခြင်းမရှိ ချုပ်ငြိမ်းဘိတကား။ တွန့်ဆုတ်ခြင်းမရှိသော စိတ်ဖြင့် ဝေဒနာကို သည်းခံတော်မူ၏။ ဆီခန်းသော မီးတောက်သည် ငြိမ်းသကဲ့သို့ ငြိမ်းခဲ့ပြီတကား။ ဥပါဒါန်ကင်းပြီးသော စိတ်တော်သည် ခန္ဓာမှလည်းကောင်း၊ ဘဝမှလည်းကောင်း လွတ်မြောက်ခဲ့ပြီတကား"

သီလာနန္ဒ ဓမ္မာနန္ဒဆရာတော် ကွယ်သောနေ့က ဂျပန်၌ ငလျင်ပြင်းစွာ လှုပ်၏။ ထို့ထက် ပြင်းထန်သည့် တုန်လှုပ်ခြင်းကား အရှင်သီလာနန္ဒ၏ ဂုဏ်ကျေးဇူးကို သိကြကုန်သော လူရှင်အားလုံးတို့၏ စိတ်နှလုံး တုန်လှုပ်ခြင်းပင်တည်း။

မြတ်ဗုဒ္ဓ၏ နောက်ဆုံးနေ့မှာ နောက်ဆုံးစကား၊ နောက်ဆုံးတရားကား ဝယဓမ္မာသင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ ဖြစ်ပါသည်။ သံဃာ ခုနစ်သိန်းကျော်နှင့် မရေမတွက်နိုင်သော နတ်ဗြဟ္မာတို့ ကြားနာလိုက်ကြရကုန်၏။

အရှင်သီလာနန္ဒ၏ ကမ္ဘာသို့ ပြောခဲ့သော နောက်ဆုံးမိန့်ခွန်းကိုလည်း အနှစ်ချုပ်၍ တင်ပြလိုပါသည်။

၂၀၀၄ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်နေ့သည် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီး၏ နောက်ဆုံးနေ့ဖြစ်ပါသည်။ ထိုအစည်းအဝေးကြီးကို ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာတင်ခဲ့ရာ မဟာပါသာဏလိုဏ်ဂူတော်ကြီးမှာ သုံးရက်တိုင်တိုင် ကျင်းပရာ ဆရာတော်သည် အစအဆုံး သဘာပတိ ဖြစ်ပါသည်။ နိုင်ငံပေါင်း ၃၈ နိုင်ငံတို့မှ ဗုဒ္ဓဘာသာ ကိုယ်စားလှယ်ပေါင်း ၁၀၀ ခန့်၊ လေ့လာသူပေါင်း ပြည်ပမှ ၄၀၀ ခန့်နှင့် ပြည်တွင်းမှ ၁၀၀၀ ခန့် တက်ရောက်ကြပါသည်။

ထိုအစည်းအဝေးကြီး၏ အခမ်းအနားသိမ်း၌ ဆရာတော်က "ဗုဒ္ဓဘာသာ ထိပ်တန်းအစည်းအဝေးကြီးဟာ ဂုဏ်သိက္ခာရှိရှိ တင့်တင့်တယ်တယ် ခမ်းခမ်းနားနားနဲ့ မကြာခင် ပြီးဆုံးတော့မှာဖြစ်ပါတယ်။ အားလုံးသိကြတဲ့အတိုင်း အစိုးရနဲ့ပြည်သူ ကြည်ဖြူစွာ ငွေအားလူအား လက်တွဲညီညီ ဆောင်ရွက်သွားကြတဲ့အတွက် ကောင်းကောင်းကြီး ပြည့်စုံခဲ့တာဖြစ်ပါတယ်။ မြန်မာနိုင်ငံက မည်မျှပင် အားထုတ်ဆောင်ရွက်ထားကြစေကာမူ တက်ရောက်သူတွေ မရှိခဲ့လျှင်လည်း ဒီအစည်းအဝေးကြီးဟာ ဘာမှဖြစ်လာမှာမဟုတ်ပါဘူး။ ယခုတော့ နိုင်ငံပေါင်း ၃၈နိုင်ငံမှ ကိုယ်စားလှယ်တော်ပေါင်းများစွာတို့ စိတ်ပါလက်ပါ တက်ရောက်လာကြပြီး ပါဝင်ဆွေးနွေးကြ၊ စာတမ်းတွေ ဖတ်ကြတဲ့အတွက် ဤသမိုင်းဝင် အစည်းအဝေးကြီးဟာ ခံ့ခံ့ညားညား ပြီးပြည့်စုံခဲ့ပြီဖြစ်ပါတယ်။

"ဒီအစည်းအဝေးကြီးရဲ့ ထူးခြားတဲ့အနှစ်သာရဟာ ထေရဝါဒ၊ မဟာယာန၊ ဝဇိရယာန မခွဲခြားဘဲ အားလုံး ပေါင်းဆုံညီညွတ်ပြီး သဘောတူဆုံးဖြတ်ချက်တွေ ချနိုင်ခဲ့တဲ့အချက်ပဲ ဖြစ်ပါတယ်။ ဒီလိုသဘော တူညီချက်တွေရခဲ့တယ်ဆိုတာဟာ တက်ရောက်လာခဲ့ကြတဲ့ ကိုယ်စားလှယ်အားလုံး သည်းခံခြင်း၊ ခွင့်လွှတ်ခြင်း၊ မေတ္တာထားခြင်း၊ သဘောထားကြီးခြင်း၊ အသိပညာ လေးနက်ခြင်းတို့ကြောင့် ဖြစ်ပါတယ်။ ဒီအချက်ဟာ မြန်မာနိုင်ငံတော်ရဲ့ ကြီးမားတဲ့ အကျိုးအမြတ် ဖြစ်ပါတယ်။

"အမှန်အတိုင်းပြောရမယ်ဆိုရင် ထေရဝါဒ၊ မဟာယာန၊ ဝဇိရယာန စတဲ့ ဂိုဏ်းဂဏ အမည်နာမတွေမပါတဲ့ ဗုဒ္ဓဘာသာအစည်းအဝေးမျိုးကတော့ ဘယ်တော့မှ ဖြစ်နိုင်ဖွယ်မရှိတော့ပါဘူး။ သို့သော် ကျွန်ုပ်တို့မှာ ဂိုဏ်းဂဏတွေ ကွဲပြားနေသော်လည်း မကွဲမပြား ဂိုဏ်းအားလုံး တစ်သားတည်း အယူအဆတူမျှတဲ့ ဗုဒ္ဓအဆုံးအမတွေ ရှိပါတယ်။ မဂ္ဂင်ရှစ်ပါး၊ သစ္စာလေးပါးဆိုတဲ့ ဒီတရားတွေအပေါ်မှာ ကျွန်ုပ်တို့တစ်တွေဟာ ငြင်းခုံခြင်းမရှိ၊ မူရင်းအဆုံးအမတွေပဲလို့ သဘောတူထားကြပါတယ်။ အဲဒီ ငြင်းခုံဖွယ်မရှိတဲ့ မဂ္ဂင်ရှစ်ပါး၊ သစ္စာလေးပါးတရားတို့အပေါ်မှာ တညီတညွတ်ရပ်တည်ကြပြီး အဲဒီတရားတွေကိုပဲ ကျင့်သုံးသွားကြရ၊ ဖြန့်ချိသွားကြရမှာ ဖြစ်ပါတယ်။ အရေးကြီးတာက ကိုယ်တိုင် ပထမကျင့်၊ ပြီးတော့မှ ကမ္ဘာသူကမ္ဘာသားတွေကို သင်ပြရမှာပါ။ ပြီး အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုတဲ့ ဒီလက္ခဏာသုံးပါးဟာလည်း ဗုဒ္ဓဘာသာဝင် အားလုံး ဂိုဏ်းဂဏမရွေး လက်ခံထားတဲ့ အချက်ပါပဲ။ ထို့ပြင် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုတဲ့ ဗြဟ္မဝိဟာရတရား လေးပါးဟာလည်း ဗုဒ္ဓဘာသာ-ယာနအားလုံး လက်ခံကျင့်သုံးနေတဲ့ တရားတွေပါပဲ။

"အထက်က ဖော်ပြခဲ့တဲ့ မဂ္ဂင်ရှစ်ပါး၊ သစ္စာလေးပါး၊ ဗြဟ္မဝိဟာရ လေးပါးဆိုတဲ့ ဗုဒ္ဓအဆုံးအမ စည်းကမ်းတွေကို ကိုယ်တိုင်လည်း လိုက်နာကျင့်သုံး၊ ကမ္ဘာသူကမ္ဘာသားတွေကိုလည်း သင်ကြားပြသခြင်းဖြင့် ကျွန်ုပ်တို့နေရာ ဤကမ္ဘာကြီးကို စိုးရိမ်ပူပန်ခြင်းကင်းပြီး ငြိမ်းချမ်းသာယာတဲ့ ကမ္ဘာကြီး ဖြစ်လာအောင် ဝိုင်းဝန်းဖန်ဆင်း တည်ဆောက်ကြရမှာ ဖြစ်ပါတယ်။

"ကမ္ဘာ့လူသားတွေကို ဗုဒ္ဓဓမ္မကို သင်ကြားပြသရာ၌ အချက်တစ်ခု သတိပြု စေချင်ပါတယ်။ အဲဒါကတော့ မဟာယာနဆိုတဲ့ ဝေါဟာရကိုထောက်ပြီး ဟိနယာနလို့ခေါ်တဲ့ ကိစ္စပါပဲ။ တိဘက်၊ တရုတ်၊ မွန်ဂိုလီးယား၊ ကိုရီးယား၊ ဂျပန်နိုင်ငံတို့က ဗုဒ္ဓဘာသာတွေကို မဟာယာနလို့ခေါ်တဲ့အတွက် မြန်မာ၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ သီရိလင်္ကာနိုင်ငံတို့က ဗုဒ္ဓဘာသာတွေဟာ ဟိနယာနလို့ အခေါ်ခံရတဲ့ အနေအထားရှိပါတယ်။

"၁၉၅၀ ပြည့်နှစ်က သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့မှာ ကျင်းပတဲ့ World Fellowship Buddhist အစည်းအဝေးမှာ ဟိနယာနဆိုတဲ့ အသုံးကို မသုံးဖို့ တညီတညွတ်တည်း ဆုံးဖြတ်ချက်ချထားခဲ့ပြီးဖြစ်ကြောင်း ဒီအစည်းအဝေး တက်ရောက်လာသူတို့ကို အသိပေးပြောကြားလိုပါတယ်။ နောက်ပြီးတော့ စီးပွားရေးလုပ်ငန်းများရဲ့ ကြော်ငြာတွေ၊ ကုန်ပစ္စည်း အမှတ်တံဆိပ်တွေမှာလည်း ဗုဒ္ဓရုပ်ပုံတော်များ၊ စေတီပုထိုးပုံများကို မသုံးဖို့ ဆုံးဖြတ်ထားပါတယ်ဆိုတဲ့ အချက်ပါပဲ" စသည်ဖြင့် မိန့်ကြားတော်မူသွားပါသည်။

ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံ၏ နောက်ဆုံးနေ့ဝယ် ဆရာတော် ဦးသီလာနန္ဒ၏ နောက်ဆုံးစကားအချို့ကို ထပ်မံ၍ ထုတ်နုတ်ဖော်ပြလိုပါသေးသည်။

"မြတ်ဗုဒ္ဓကိုယ်တိုင်က မပြတ်မပြတ် စည်းဝေးတိုင်ပင်ခြင်းသည် သာသနာနှင့် သံဃာ ကြီးပွားတိုးတက်ကြောင်း ကောင်းသောကျင့်စဉ်တစ်ရပ်ဖြစ်သည်ဟု ဟောတော်မူခဲ့ပါတယ်။ နောက်သို့ ပြန်၍ကြည့်သော် ဗုဒ္ဓရှင်တော်ရဲ့လက်ထက်တော်ကာလ BC ၆ရာစုဆီက ဗုဒ္ဓကိုယ်တိုင်ပါဝင် တက်ရောက်သော အစည်းအဝေးနှစ်ကြိမ် ကျင်းပခဲ့ဖူးပါတယ်။ ပထမအကြိမ် ရဟန်းအပါး ၆၀ တက်ရောက်ပါတယ်။ ဓမ္မကို မူရင်းကျကျ သန့်သန့်ရှင်းရှင်းဖြန့်ချိဖို့၊ ဓမ္မဒူတ ခရီးကြွချီဖို့ ထိုအစည်းအဝေးမှာ မိန့်ကြားပါတယ်။ ဒုတိယအကြိမ် အစည်းအဝေးမှာတော့ ရဟန်းတော်ပေါင်း ၁၂၅၀ တက်ရောက်ပါတယ်။ သံဃာ့အစည်းအရုံးကြီး တည်ဆောက်ပုံနှင့် အခြေခံမူများကို ချမှတ်ခဲ့ပါတယ်။ ဖွဲ့စည်းပုံ၌ သူ၏ လက်အောက်က ပထမခေါင်းဆောင်၊ ဒုတိယခေါင်းဆောင်များကို ခန့်ထားပေးခဲ့ပါတယ်။ ပါတိမောက်ဟူသော အခြေခံစည်းမျဉ်းနှင့် သည်းခံခြင်း၊ ခွင့်လွှတ်ခြင်း၊ မစွပ်စွဲခြင်း၊ မဆဲရေးခြင်း၊ မနှိပ်စက်ခြင်း၊ ကိုယ်နှုတ်စိတ် သုံးပါးကို စောင့်ထိန်းခြင်းစသော အခြေခံမူဝါဒကို ချမှတ်ပေးခဲ့ပါသည်။"

မြတ်ဗုဒ္ဓ ကွယ်ပြီးနောက် နှစ်ပေါင်း ၂၅၀၀ ခရီးမှာ သံဃာ့အစည်းအဝေးပေါင်း ခြောက်ကြိမ် ကျင်းပခဲ့ကြောင်း၊ အိန္ဒိယမှာ သုံးကြိမ်၊ သီရိလင်္ကာမှာ တစ်ကြိမ်နှင့် မြန်မာနိုင်ငံမှာ နှစ်ကြိမ် ကျင်းပခဲ့ကြောင်းနှင့် ထိုအစည်းအဝေးကြီးများ၏ အကျိုးသက်ရောက်ပုံတို့ကို အနှစ်ချုပ်၍ မိန့်ကြားပါသည်။ ရာဇဂြိုဟ်တွင် ကျင်းပသော ပထမအစည်းအဝေး၌ ၄၅ နှစ်တာ ဟောကြားခဲ့သော မြတ်ဗုဒ္ဓ၏ စကားများကို စနစ်တကျ စုစည်းနိုင်ခဲ့ကြောင်း မိန့်ကြားပါသည်။

တတိယအကြိမ် အစည်းအဝေး၌ သာသနာပြန့်ပွားရေးကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ကြောင်း၊ စတုတ္ထအကြိမ် အစည်းအဝေး၌ နှုတ်ဆောင် ပိဋကတ်တို့ ပေရွက်ပေါ်မှာ လက်ရေးဖြင့် ရေးမှတ်နိုင်ခဲ့ကြောင်း၊ ပဉ္စမအကြိမ် အစည်းအဝေး၌ ပေပေါ်မှ ကျောက်ပေါ်သို့ ပြောင်း၍ ရေးထိုးနိုင်ခဲ့ကြောင်း၊ သာသနာကို ထိန်းသိမ်းရေး၌ အရေးပါအရာရောက်ပုံတို့ကို မိန့်ကြားသွားပါသည်။

ယနေ့ခေတ်၌ သာသနာထိန်းသိမ်းရေး၊ စောင့်ရှောက်ရေး၊ တိုးတက်ရေးနှင့် ဖြန့်ချိရေးတို့၌ ကွန်ပျူတာနှင့် အင်တာနက်တို့ သုံးနိုင်လျှင် ပိုမို၍ ထိရောက်ကြောင်း၊ အကျိုးသက်ရောက်ကြောင်း၊ ရဟန်းတော်များသည် ကွန်ပျူတာနှင့် အင်တာနက်ပညာတို့ကို သင်ယူလေ့လာသင့်ကြောင်း၊ Promotion of Buddhist Education အကြောင်းကို မိန့်ကြားသွားပါသည်။

နောက်ဆုံး ထေရဝါဒ၊ မဟာယာန၊ ဝဇိရယာန အရှေ့အနောက် ဗုဒ္ဓဘာသာ ခေါင်းဆောင်အားလုံး အောက်ပါရည်ရွယ်ချက် ကိုးခုကို ခြွင်းချက်မရှိ သဘောတူ သန္နိဋ္ဌာန်ချမှတ်၍ အတည်ပြုလက်မှတ်ရေးထိုးကြောင်း ကြေညာလိုက်ပါသည်-

၁။ ကျွန်ုပ်တို့ ဗုဒ္ဓဘာသာခေါင်းဆောင်အားလုံး ဗုဒ္ဓဓမ္မ မူရင်းအတိုင်း သန့်သန့်ရှင်းရှင်း ထိန်းသိမ်းစောင့်ရှောက်သွားကြမည်ဟု သဘောတူဆုံးဖြတ်ကြသည်။

၂။ ကျွန်ုပ်တို့ ဗုဒ္ဓဘာသာ ခေါင်းဆောင်အားလုံးတို့သည် ဗုဒ္ဓသာသနာ တိုးတက်ရေးနှင့် ပြန့်ပွားရေးအတွက် လက်တွဲဆောင်ရွက်သွားကြမည်။

၃။ ကျွန်ုပ်တို့ ဗုဒ္ဓဘာသာ ခေါင်းဆောင်အားလုံးတို့သည် ဗုဒ္ဓဘာသာဆိုင်ရာ ကျောင်း၊ ဘုရား၊ စေတီ၊ စာပေ၊ အဆောက်အအုံ အားလုံးတို့ကို ကာကွယ်စောင့်ရှောက်ခြင်း၊ ထိန်းသိမ်းခြင်း၊ ပြုပြင်မွမ်းမံခြင်းတို့၌ လက်တွဲဆောင်ရွက်သွားကြမည်။

၄။ ကျွန်ုပ်တို့ ဗုဒ္ဓဘာသာခေါင်းဆောင် အားလုံးတို့သည် ကျွန်ုပ်တို့နေထိုင်ရာ ကမ္ဘာကြီး၌ တရားမျှတခြင်း၊ ငြိမ်းချမ်းသာယာခြင်း၊ ညီညွတ်ခြင်း၊ ချမ်းသာခြင်းတို့ ဖြစ်ထွန်းလာအောင် မြတ်ဗုဒ္ဓ၏ သီလ၊ သမာဓိ၊ ပညာနှင့် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသော သုစရိတဓမ္မ၊ ဗြဟ္မစရိယဓမ္မတို့ လက်တွဲဖြန့်ချိသွားကြမည်။

၅။ ကျွန်ုပ်တို့ ဗုဒ္ဓဘာသာခေါင်းဆောင်အားလုံးတို့သည် ဗုဒ္ဓဘာသာဝင်အချင်းချင်း အပြန်အလှန် နားလည်သဘောပေါက်မှု၊ ချစ်ခင်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှုများ တိုးပွားလာစေရေးအတွက် လက်တွဲဆောင်ရွက်သွားကြမည်။

၆။ ကျွန်ုပ်တို့ ဗုဒ္ဓဘာသာ ခေါင်းဆောင်အားလုံးတို့သည် ဗုဒ္ဓဘာသာ ပညာရေးစနစ်နှင့် ဖြန့်ချိရေးစနစ်တို့ တိုးတက်လာရေးအတွက် ခေတ်မီ ခေတ်သစ်နည်းစနစ်နှင့် နည်းပညာတို့ကို အသုံးပြုရေး၌ အချင်းချင်း အပြန်အလှန် ကူညီလက်တွဲ ဆောင်ရွက်သွားကြမည်။

၇။ ကျွန်ုပ်တို့ ဗုဒ္ဓဘာသာခေါင်းဆောင် အားလုံးတို့သည် ကမ္ဘာတစ်ဝန်းလုံး ဗုဒ္ဓဘာသာဝင်အချင်းချင်း ချစ်ခင်ရင်းနှီးမှု၊ အပြန်အလှန် နားလည်မှု၊ တိုးတက်ရေး အတွေးအခေါ်အယူအဆနှင့် အသိဉာဏ်များ ဖလှယ်ရေးတို့အတွက် ယခုလို ဗုဒ္ဓဘာသာ အစည်းအဝေးကြီးများကို မကြာမကြာ လက်တွဲဆောင်ရွက် ကျင်းပသွားမည်။

၈။ ကျွန်ုပ်တို့ ဗုဒ္ဓဘာသာခေါင်းဆောင်အားလုံးတို့သည် ပုဂ္ဂလိက ငြိမ်းချမ်းရေးနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ဗုဒ္ဓ၏ သတိပဋ္ဌာန်တရား၊ ဝိပဿနာတရားကို ကမ္ဘာ့လူသားတိုင်းအား ဝေငှရာ၌ အင်တိုက်အားတိုက် လက်တွဲဆောင်ရွက်သွားမည်။

၉။ ကျွန်ုပ်တို့ ဗုဒ္ဓဘာသာခေါင်းဆောင်အားလုံးတို့သည် မြတ်ဗုဒ္ဓ၏ တရားတော် အနှစ်များကို ကမ္ဘာတစ်ဝန်း ထိထိရောက်ရောက် ဖြန့်ချိရေးအတွက် ကမ္ဘာတစ်ဝန်းလုံး၌ ဗုဒ္ဓဘာသာလေ့လာရေးဌာနများ၊ သင်တန်းကျောင်းများ၊ ကမ္မဋ္ဌာန်းကျောင်းများ၊ ပုံနှိပ်ဌာနများ၊ အင်တာနက် တည်ဆောက်ခြင်းများကို အင်တိုက်အားတိုက် လက်တွဲဆောင်ရွက်သွားကြမည်ဟု တညီတညွတ်တည်း သဘောတူ ဆုံးဖြတ်ချက်ချ၍ သန္နိဋ္ဌာန်ပြုကြသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ☆

အရှင်သီလာနန္ဒာဘိဝံသ



၁၉၂၇ ခုနှစ်	ဒီဇင်ဘာလ ၁၆ ရက် – မြန်မာနိုင်ငံ မန္တလေး မင်းနေပြည်တော်၌ ဖွားမြင်သည်။ မိဘများ – မန္တလေး ဇာတိ မြန်မာ ဗိသုကာ ပညာရှင် ဦးဆိုင်၊ ဒေါ်မုန်းတို့ ဖြစ်ကြသည်။
၁၉၄၃ ခုနှစ်	ဧပြီလ ၁၄ ရက်– စစ်ကိုင်း တောင်ရိုး မဟာဝိဇ္ဇောဒယ ချောင်ဆရာတော် မဟာဓမ္မကထိကအကျော် ဦးပညာဝန္တကို ဥပဇ္ဈာယ်ပြု ရှင်သာမဏေပြုသည်။
၁၉၄၇ ခုနှစ်	ဇူလိုင်လ ၂ ရက်နေ့တွင် စစ်ကိုင်းတောင်ရိုး မဟာဝိဇ္ဇောဒယ ဆရာတော်ထံမှာပင် ရဟန်းပြုသည်။ မိဘများကပင် ရဟန်းဒကာအဖြစ် ခံယူကြသည်။
၁၉၅၀ ပြည့်နှစ်	သာသနဓဇသိရီပဝရ ဓမ္မာစရိယဘွဲ့ကို ရရှိခဲ့သည်။
၁၉၅၄ ခုနှစ်	ပရိယတ္တိသာသနဟိတ ဓမ္မာစရိယဘွဲ့ကို ရရှိခဲ့သည်။
၁၉၅၄–၅၇	သီရိလင်္ကာနိုင်ငံသို့ ပညာသင်ကြွရောက်တော်မူခဲ့သည်။
၁၉၅၇ ခုနှစ်	တိပိဋကပါဠိ–မြန်မာ အဘိဓာန်ကြီးကို စတင်ပြုစု ဦးဆောင်တော် မူခဲ့သည်။
၁၉၅၈ ခုနှစ်	ဆဋ္ဌသင်္ဂါယနာဝန်ဆောင်သံဃအဖွဲ့ အကျိုးတော်ဆောင် ဝိဇ္ဇာလင်္ကာရ ဆရာတော် ဦးဝိသုဒ္ဓနှင့်အတူ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ မလေးရှား၊ စင်ကာပူ၊ ဗီယက်နမ်၊ ဂျပန် နိုင်ငံများသို့ ပထမအကြိမ် ပြည်ပသာသနာပြုခရီး ကြွရောက်တော်မူခဲ့သည်။
၁၉၅၉ ခုနှစ်	မဟာဓမ္မကထိကအကျော် အနီးစခန်း ဆရာတော်နှင့်အတူ အမေရိက၊ အင်္ဂလန်၊ ပြင်သစ်၊ ဂျာမနီနိုင်ငံများသို့ ဒုတိယ အကြိမ် ပြည်ပသာသနာပြုခရီး ကြွရောက်တော်မူခဲ့သည်။
၁၉၆၀ ပြည့်နှစ်	ကမ္ဘာ့ဗုဒ္ဓသာသနာပြုအကျော် အရှင်သေဋ္ဌိလ ဆရာတော်နှင့် အတူ အင်္ဂလန်၊ ပြင်သစ်၊ ဂျာမနီ၊ ဆွီဒင်၊ ဒိန်းမတ်နိုင်ငံများသို့ တတိယအကြိမ် ပြည်ပသာသနာပြုခရီး ကြွရောက်တော်မူခဲ့ သည်။
၁၉၆၀ ပြည့်နှစ်	စစ်ကိုင်းတောင်ရိုး မဟာဝိဇ္ဇောဒယချောင်၏ ပဓာန နာယက ဖြစ်တော်မူသည်။
၁၉၆၉ ခုနှစ်	မန္တလေးမြို့ အဘယာရာမ ရွှေဂူကျောင်းတိုက်၏ ပဓာန နာယက ဖြစ်တော်မူသည်။
၁၉၆၉ ခုနှစ်	မြန်မာနိုင်ငံ ရွှေကျင်ဂိုဏ်း၏ ဂိုဏ်းလုံးဝန်ဆောင် နာယက ဖြစ်တော်မူသည်။
၁၉၇၈ ခုနှစ်	ဂျပန်နိုင်ငံ တိုကျိုနှင့် ကျိုတိုမြို့များ၌ ကျင်းပသော ကမ္ဘာ့ ဗုဒ္ဓ ဘာသာ ထိပ်သီးညီလာခံသို့ တက်ရောက်တော်မူခဲ့သည်။
၁၉၇၉ ခုနှစ်	ဧပြီလတွင် မဟာကမ္မဋ္ဌာနာစရိယအကျော် မဟာစည်ဆရာ တော်နှင့် အမေရိကန်ပြည်ထောင်စုသို့ သာသနာပြုခရီး ကြွရောက်တော်မူခဲ့သည်။
၁၉၇၉ ခုနှစ်	အောက်တိုဘာလတွင် ထေရဝါဒဗုဒ္ဓဘာသာအသင်းကို စတင် တည်ထောင်သည်။
၁၉၈၁ ခုနှစ်	ဇွန်လတွင် ကာလီဖိုးနီးယားပြည်နယ် ဒေးလီးစီတီမြို့၌ ဓမ္မာနန္ဒ ဝိဟာရ ကျောင်းတိုက်ကို စတင်တည်ထောင်ဖွင့်လှစ်သည်။
၁၉၉၆ ခုနှစ်	ယခုလက်ရှိကျောင်းတိုက် ဟာ့ဖ်မွန်ဘေး၌ရှိသော ဓမ္မာနန္ဒ ဝိဟာရကျောင်းတိုက်အသစ်၌ ပြောင်းရွှေ့သီတင်းသုံးခဲ့သည်။
၁၉၉၆ ခုနှစ်	ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာကြီး၏ ဩဝါဒါစရိယ ဖြစ်တော်မူသည်။
၁၉၉၈ ခုနှစ်	ဒီဇင်ဘာလတွင် မြန်မာနိုင်ငံသာသနာရေးဝန်ကြီးဌာနက စတင် ဖွင့်လှစ်သော အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်၏ ပါမောက္ခချုပ် ဖြစ်တော်မူလာသည်။
၂၀၀၄ ခုနှစ်	ဒီဇင်ဘာ ၉–၁၀–၁၁ ရက်နေ့များ၌ ရန်ကုန်မြို့ မဟာပါသာဏ လိုဏ်ဂူတော်ကြီးတွင် ကျင်းပသော ထိပ်သီးညီလာခံကြီးဝယ် အစအဆုံး သဘာပတိအဖြစ် ဆောင်ရွက်တော်မူသည်။
၂၀၀၄ ခုနှစ်	ဒီဇင်ဘာလ ၁၁ ရက်နေ့ ညနေပိုင်း World Buddhist Summit Joint Statement ပူးတွဲကြေညာချက်ကို ကြေညာ တော်မူသည်။
၂၀၀၄ ခုနှစ်	ဒီဇင်ဘာလ ၁၁ ရက်နေ့ ညနေခင်း ၅ နာရီအချိန် world Buddhist Summit အစည်းအဝေးကြီး၏ အရေးပါအရာ ရောက်သော အပြီးသတ်မိန့်ခွန်း Abstract Speech ကို မိန့်ကြားတော်မူသည်။
၂၀၀၅ ခုနှစ်	မတ်လတွင် မြန်မာနိုင်ငံအစိုးရ သာသနာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ကျန်းမာရေး စစ်ဆေးခဲ့ရာ ဦးနှောက်ကင်ဆာရောဂါရှိကြောင်း သိရှိရသည်။
၂၀၀၅ ခုနှစ်	ဧပြီလတွင် ခွဲစိတ်ကုသမှုခံယူရန် အမေရိကန်သို့ ပြန်လည် ကြွရောက်တော်မူသည်။
၂၀၀၅ ခုနှစ်	ဧပြီလ ၁၂ ရက်တွင် ဦးနှောက်ခွဲစိတ်ကုသမှုကို ခံယူတော်မူ ရသည်။
၂၀၀၅ ခုနှစ်	ဩဂုတ်လ ၁၃ ရက်နေ့တွင် ဆရာတော် အရှင်သီလာနန္ဒာဘိဝံသ တစ်ဘဝဇာတ် ရုပ်သိမ်း ချုပ်ငြိမ်းတော်မူသည်။
–	အရှေ့မှာထွက်သော သာသနာ့နေဝန်းသည် အနောက်မှာ ကွယ်ခဲ့ပြီတကား။
–	ကမ္ဘာ့မြောက်ခြမ်းမှာ တောက်သော သောက်ရှူးကြယ် (ဓူဝံကြယ်–Pole Star)သည် မြောက်ပိုင်းကမ္ဘာမှာပင် ကြွေကျခဲ့ပြီ တကား။
–	မြန်မာပြည်မှ ထွက်ပေါ်ထွန်းတောက်လာသော ထေရဝါဒ အဘိဓမ္မာနှင့် သတိပဋ္ဌာနလမင်းသည် အမေရိကမှာ ကွယ်ခဲ့ပြီ တကား။
–	ဆရာတော်သည် တရားစခန်းပေါင်း ၂၀ ကျော်တို့၌ ဝိပဿနာ သတိပဋ္ဌာန်တရားများ ပြသတော်မူခဲ့သည်။
–	ဆရာတော်သည် ဘာသာရပ်ပေါင်း ၁၀ မျိုးတို့ကို သင်တန်းများ ဖွင့်လှစ်ပို့ချတော်မူခဲ့သည်။
–	ဆရာတော်သည် မြန်မာဘာသာဖြင့် ကျမ်းစာအုပ်ပေါင်း ၁၅ မျိုး၊ အင်္ဂလိပ်ဘာသာဖြင့် ကျမ်းစာအုပ်ပေါင်း ၁၀ မျိုးတို့ကို ရေးသား ပြုစုတော်မူခဲ့သည်။
–	ဆရာတော်သည် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်၊ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက ဘွဲ့တံဆိပ်တော်၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက ဘွဲ့တံဆိပ်တော်နှင့် စာပေပါရဂူဘွဲ့တို့ကို အသီးသီး အလှူခံရရှိတော်မူသည်။

(၆၁)နှစ်မြောက်တပ်မတော်နေ့ အထိမ်းအမှတ်ရောင်စုံဓာတ်ပုံပြိုင်ပွဲ ယှဉ်ပြိုင်နိုင်ရန်နှိုးဆော်

ရန်ကုန် စက်တင်ဘာ ၂၀

၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီက ရောင်စုံဓာတ်ပုံပြိုင်ပွဲများကို ကျင်းပ မည်ဖြစ်သည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲကို **"ခေတ်မီဘက်စုံ တည်ဆောက်ရေး"**နှင့် **"ရှုချင်စဖွယ်အမျိုးသားယဉ်ကျေးမှု"**ဟူ၍ ခေါင်းစဉ်နှစ်မျိုးဖြင့် ကျင်းပမည်ဖြစ်သည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲသို့ ဓာတ်ပုံဝါသနာရှင်တိုင်းသည် ခေါင်းစဉ်တစ်မျိုးလျှင် လေးပုံစီအထိ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။

ပြိုင်ပွဲဝင်ရောင်စုံဓာတ်ပုံများကို ၁၀လက်မ x ၁၂လက်မနှင့် အထက်အရွယ် Print ပုံဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။ ယခင်နှစ်များက အလားတူ ပြိုင်ပွဲများတွင် ပထမ၊ဒုတိယ၊ တတိယရရှိခဲ့ကြသူများအား သီးသန့်အုပ်စုသတ်မှတ်၍ ဆုချီးမြှင့်မည်ဖြစ်ရာ ဆုမရရှိသေးသူများအတွက် ဆုရရှိမည့် အခွင့်အလမ်း ပိုမို ရရှိလာမည်ဖြစ်သည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ဆုရရှိပါက နဂိုတစ်ကိုတင်ပြနိုင်ရမည်။ ဆလိုက် ဖလင် လက်ခံမည်မဟုတ်ဘဲ ဓာတ်ပုံနှင့် ဆိုင်ရာအချက်အလက်များ (Data) နှင့် ဓာတ်ပုံအကြောင်းအရာ (Caption) ကို သီးခြားစာရွက်ပေါ်တွင် ရေးသား၍ ပူးတွဲပေးပို့ရမည်။ သရုပ်ဆောင်သူများပါရှိလျှင် ၎င်းတို့၏သဘောတူ ခွင့်ပြုချက် ပါရှိရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်ဓာတ်ပုံသည် မည်သည့် စာစောင်တွင်မှ ပုံနှိပ် ဖော်ပြခဲ့ခြင်း မရှိကြောင်း၊ ပြည်တွင်း/ပြည်ပ ပြိုင်ပွဲများတွင် ဆုရရှိခဲ့ခြင်းမရှိ ကြောင်း ဝန်ခံဖော်ပြချက်ပါရှိရမည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲများတွင် ပြိုင်ပွဲတစ်မျိုးစီ အတွက် ပထမ၊ ဒုတိယနှင့် တတိယဆုများအပြင် အထူးဆုများကိုပါ ထိုက်ထိုက် တန်တန် ချီးမြှင့်မည်ဖြစ်သည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲများ၌ ပထမ၊ဒုတိယနှင့် တတိယဆုရရှိကြသူများအား ၂၀၀၆ခုနှစ် မတ် ၂၇ရက်တွင်ကျင်းပမည့် (၆၁)နှစ်မြောက်တပ်မတော်နေ့တွင် ရန်ကုန်မြို့၌ ဆုချီးမြှင့်မည်ဖြစ်သည်။ အထူးဆုရရှိသူများအား သက်ဆိုင်ရာတိုင်း၊ တပ်မဌာနချုပ်များ၌ ကျင်းပသော (၆၁)နှစ်မြောက် တပ်မတော်နေ့ အခမ်းအနား များတွင် ဆုချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲ ဝင်ရောင်စုံဓာတ်ပုံများကို (၆၁)နှစ်မြောက်တပ်မတော်နေ့ အထိမ်း အမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲကျင်းပရေးလုပ်ငန်းအဖွဲ့ အတွင်းရေးမှူး၊ ဦးသန်းထွန်း၊ ဒုတိယညွှန်ကြားရေးမှူး(ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး)ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ၂၂–၂၄၊ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့သို့ ၂၀၀၆ခုနှစ် ဖေဖော်ဝါရီ ၁၄ရက် ရုံးချိန်အတွင်း နောက်ဆုံးထား၍ ပေးပို့ယှဉ်ပြိုင်ကြရန် သက်ဆိုင်ရာမှ ကြေညာချက်ထုတ်ပြန်ထားသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံဆရာဝန်အသင်း ဂေါက်ရိုက်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၀

မြန်မာနိုင်ငံဆရာဝန်အသင်း ဂေါက်ရိုက်အဖွဲ့၏ လစဉ် ကျင်းပမြဲဖြစ်သော ဂေါက်ရိုက်ပြိုင်ပွဲအတွက် စက်တင်ဘာလ ဂေါက်ရိုက်ပြိုင်ပွဲကို စက်တင်ဘာ ၂၅ရက် (တနင်္ဂနွေနေ့) နံနက် ၅နာရီခွဲတွင် သန်လျင်ဂေါက်ကွင်း၌ ကျင်းပ မည်ဖြစ်ရာ အသင်းဝင်ဆရာဝန်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သတင်းရရှိ သည်။ (သတင်းစဉ်)

☆ စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

ဆရာတော်သည် နိုင်ငံခေါင်းဆောင်များ၊ ဝန်ကြီးချုပ်များ၊ ဝန်ကြီးများ၊ ဗုဒ္ဓဘာသာခေါင်းဆောင်များ၊ လေ့လာသူများ၊ သတင်းစာဆရာများ၊ ကမ္ဘာ တစ်ဝန်းမှ တက်ရောက်လာကြသည့် ပရိသတ် ၁၅၀၀ ကျော် အစည်းအဝေးကြီး၌ တစ်ကမ္ဘာလုံးနှင့် တစ်သာသနာလုံးအတွက် ဤနောက်ဆုံးစကားများဖြင့် သာသနာ့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်တော်မူခဲ့လေပြီ။

အစည်းအဝေးကြီးရဲ့ နောက်ဆုံးနေ့ အခမ်းအနားသိမ်းမှာ ပြောသွားသော ဆရာတော် မိန့်ခွန်းသည် အရှေ့မှ အရှေ့၊ အနောက်၊ တောင်၊ မြောက် ကမ္ဘာတစ်ဝန်းသို့ ဆရာတော်ပြောသော နောက်ဆုံးမိန့်ခွန်း ဖြစ်ပါသည်။ အစည်းအဝေးပြီးတော့ ဆရာတော် အမေရိကန်သို့ ခေတ္တပြန်သည်။ ၂၀၀၅ မတ်လမှာ ရန်ကုန်သို့ ပြန်လာသည်။ သာသနာရေးဝန်ကြီးဌာန၏ စောင့်ရှောက်မှုဖြင့် ကျန်းမာရေး အထွေထွေစစ်ဆေးမှု ပြုပါသည်။ ဦးနှောက်ကင်ဆာ ဖြစ်ကြောင်း သိရပါပြီ။ အမေရိကန်သို့ ပြန်ကြွပြီး ခွဲစိတ်ပါသည်။ ပညာကြီးသော အရှင်သာရိပုတ်သည်လည်းကောင်း၊ တန်ခိုးကြီးသော အရှင်မောဂ္ဂလာန်သည် လည်းကောင်း တစ်တောလုံးရှိသမျှ သားသမင်အားလုံး ခြသေ့ံပါးစပ်တွင်း ဝင်ကြရလေကုန်ဘိသကဲ့သို့ (အဂ္ဂသာဝကကြီး နှစ်ပါးတို့သည်) သေမင်းခံတွင်း သို့ ဝင်ကြရကုန်သေး၏။ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ အဂ္ဂတံဆိပ်အထပ်ထပ် နှိပ်ထားသည့် အရှင်သီလာ နန္ဒသည် ကွယ်လွန်ခဲ့ပြီတကား။ သို့သော် အရှင်သီလာနန္ဒာဘိဝံသ၏ မြန်မာနှင့် ကမ္ဘာ့သာသနာအတွက် ဆောင်ရွက်ခဲ့သော ဂုဏ်ကျေးဇူးတို့သည်ကား ကမ္ဘာဆုံးအောင် တည်ရှိရစ်ကြဦးမည်သာတည်း။ ။

ဝယ မှော သခ်ီရာ အပ္ပမာဒေန သမ္မာဒေထ

အယံ တထာဂတဿ ပစ္ဆိမဝါစာ

ငွေပဒေသာပင်နှင့် ဆေးဝါးများလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၂၀

၂၀၀၅ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ကို ဂုဏ်ပြုသောအားဖြင့် ရွှေသံလွင် ဘိုးဘွားရိပ်သာသို့ ငွေပဒေသာပင်စိုက်ထူလှူဒါန်းပွဲနှင့်ဆေးဝါးများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက်၁၀နာရီတွင် ရန်ကုန်တိုင်း ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ ရွှေသံလွင် ဘိုးဘွားရိပ်သာ ဧည့်ခန်းမ၌ ကျင်းပရာ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်က အလှူငွေကျပ်တစ်သိန်းနှင့် ဆေးဝါးများကို ပေးအပ်လှူဒါန်းရာ ရွှေသံလွင်ဘိုးဘွားရိပ်သာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌဗိုလ်မှူးကြီးတင်ထွန်း (အငြိမ်းစား)က လက်ခံရယူသည်။ **(အပေါ်ပုံ)** (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၁–၉–၂၀၀၅ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၁၅ ၂။ **တိပိဋကဓရ၊ဓမ္မဘဏ္ဍာဂါရိက၊အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်**
- ၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၆။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၈:၀၀ ၇။ အဆိုပြိုင်ပွဲ
- ၈:၁၀ ၈။ အတီးပြိုင်ပွဲ
- ၈:၂၀ ၉။ ပေါင်းလောင်းရေလှောင်တမံနှင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံ
- ၈:၃၀ ၁၀။ International News.
- ၈:၄၅ ၁၁။ Let's Go.
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ **အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)**
- ၄:၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာ တေးသံသာ
- ၅:၀၀ ၅။ ၂၀၀၅ ခုနှစ်၊ တေရသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊ အရေး၊အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန်(မဟာဂီတ) (အခြေခံပညာ ၅–၁၀နှစ်) (အမျိုးသား၊ အမျိုးသမီး)
- ၅:၁၅ ၆။ အကပြိုင်ပွဲ
- ၅:၂၅ ၇။ သီချင်းကြီးပဒေသာ
- ၅:၃၅ ၈။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၅:၄၅ ၉။ မြန်မာ့ရိုးရာလက်ဝှေ့ပွဲ
- ၆:၀၀ ၁၀။ သုတစုံလင်ရွှေဉာဏ်ရှင်
- ၆:၃၀ ၁၁။ ညနေခင်းသတင်း
- ၇:၀၀ ၁၂။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၃။ Variety Spectacular.
- ၇:၃၀ ၁၄။ ကြံ့ခိုင်ကျန်းမာပြည်မြန်မာ
- ၇:၄၀ ၁၅။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
- ၈:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ **"နာမည်တစ်လုံးနှင့် နေကြသူများ" (အပိုင်း–၁) (လူမင်း၊ ခန့်စည်သူ၊ နန္ဒ၊ နေလင်းဦး၊ တီဂို၊ အိန္ဒြာကျော်ဇင်၊ မိုးပြည့်ပြည့် မောင်၊ ဇင်ဇင်ဇော်မြင့်) (ဒါရိုက်တာ–ကျော်ဇောလင်း)**
- ၂၀။ နောက်တစ်နေ့အစီအစဉ်
- ၂၁။ အစီအစဉ်ပြီး၏။

✧ **ကျောဖုံးမှ**

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ တပ်မတော် စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်မြင့်ဆွေ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H. E. Mr. Suphot Dhirakaosal၊ စစ်သံမှူး Col. Prissapa Suvanatat နှင့် တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ကြိုဆိုနှုတ်ဆက်

ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များ၏ အထူးလေယာဉ်သည် မွန်းလွဲ ၁နာရီ မိနစ် ၂၀တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆိုက်ရောက်လာရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး လည်ပတ်ရန်ရောက်ရှိလာသည့် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General Chaisit Shinawatra တို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ ဂုဏ်ပြုခန်းမဆောင် အလေးပြုခံစင်မြင့်၌ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး လည်ပတ်ရန်ရောက်ရှိလာသည့် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General Chaisit Shinawatra တို့ ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ ဂုဏ်ပြုခန်းမဆောင်၌ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးစဉ်။ (သတင်းစဉ်)

အလေးပြုခြင်းခံယူ

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏အလေးပြုခြင်းကိုခံယူရန် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ ဂုဏ်ပြုခန်းမဆောင် အလေးပြုခံစင်မြင့်သို့သွားရောက်ကြပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ဆက်လက်၍ ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ်နှင့် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးတို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ်နှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါလာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အလားတူ ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General Chaisit Shinawatra ကလည်း ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ပို့ဆောင်နှုတ်ဆက်

ယင်းနောက် ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် အမှတ်(၁) တပ်မတော်ဧည့်ဂေဟာသို့ ဆက်လက်ထွက်ခွာကြရာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များက ပို့ဆောင်နှုတ်ဆက်ကြသည်။ (သတင်းစဉ်)

တေရဿမအကြိမ် (၁၃ ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ရည်ရွယ်ချက်များ

၁။ မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန်ထက်မြက်မြင့်မားရန်။
၂။ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်။
၃။ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရန်။
၄။ မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းရန်။
၅။ လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းရန်။
၆။ တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်။
၇။ တိုင်းရင်းသား စည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ် ပိုမိုခိုင်မာ ရှင်သန်လာစေရန်။

မိုးကုတ်ဝိပဿနာတရားစခန်း

ရန်ကုန် စက်တင်ဘာ ၂၀

မြောက်ဥက္ကလာပမြို့နယ် (၄) ရပ်ကွက် မနောသုခကျောင်းတိုက် မိုးကုတ်အဖွဲ့ခွဲ (၁၂၅)တွင် (၅၃) ကြိမ်မြောက် တရားစခန်းပွဲ၌ ပဓာနနာယက၊ အဖွဲ့ချုပ်ဓမ္မကထိက ဆရာတော် ဘဒ္ဒန္တပရမ ကြီးမှူး၍ ပဋိစ္စသမုပ္ပာဒ်သင်တန်းပြ ဆရာကြီး ဦးကျော်မင်း၊ ဆရာမကြီး ဒေါ်ဝိဇ္ဇာသိင်္ဂီနှင့် ဓမ္မကထိကသစ္စာရဲမင်း(B.Sc) တို့ကကျေးဇူးရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် သစ္စာဆိုက်အောင် ဟောကြားပြသမည်ဖြစ်ရာ ယောဂီများ အောက်တိုဘာ ၂ရက် ညနေ အရောက်လာကြရန်နှင့် ဖုန်း၀၉–၅၁၀၅၅၈၃သို့ ဆက်သွယ်စာရင်းပေးနိုင်ကြောင်းသိရသည်။ (က–ပ)

မှတ်သားဖွယ်ရာမိုးရေချိန်များ

၂၀–၉–၂၀၀၅

သံတွဲ	၆ ဒသမ ၈၉ လက်မ
မြိတ်	၄ ဒသမ ၈၄ လက်မ
ကျိုက္ခမီ	၄ ဒသမ ၅၃ လက်မ
ထားဝယ်	၄ ဒသမ ၄၉ လက်မ
ကော့သောင်း	၄ ဒသမ ၃၃ လက်မ
ရေး	၄ ဒသမ ၁၃ လက်မ
ရွှေကျင်	၄ ဒသမ ၀၂ လက်မ
ဝ	၃ ဒသမ ၈၂ လက်မ
ခရမ်း	၃ ဒသမ ၇၈ လက်မ
ခန္တီး	၃ ဒသမ ၄၂ လက်မ
ကလေး	၃ ဒသမ ၁၉ လက်မ
သိမ်ဇရပ်	၃ ဒသမ ၃၅ လက်မ
သာယာဝတီနှင့် မြင်းမူ	၂ ဒသမ ၅၂ လက်မ
စစ်ကိုင်း	၂ ဒသမ ၄၄ လက်မ
မုံရွာ	၂ ဒသမ ၂၉ လက်မ
မန္တလေး	၂ ဒသမ ၁၃ လက်မ
ရွှေဘို	၁ ဒသမ ၀၃ လက်မ

❍ ကျောဖုံးမှ

စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်မြင့်ဆွေနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူတို့ တက်ရောက်ကြပြီး ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General Chaisit Shinawatra နှင့် အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E.Mr. Suphot Dhirakaosal နှင့် စစ်သံမှူး Col. Prissapa Suvanatat တို့လည်း တက်ရောက်ကြသည်။

ဂုဏ်ပြုညစာ

ညပိုင်းတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General Chaisit Shinawatra နှင့် အဖွဲ့ဝင်များအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်မြင့်ဆွေနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H. E. Mr. Suphot Dhirakaosal ၊ စစ်သံမှူး Col. Prissapa Suvanatatနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဂုဏ်ပြုညစာစားပွဲတွင် ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက တေးသံသာများဖြင့် သီဆိုဖျော်ဖြေကြပြီး ညစာသုံးဆောင်အပြီးတွင် သဘင်ဆောင်၌ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအကတို့ဖြင့် ဧည့်ခံဖျော်ဖြေကြသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်စစ်သေနာပတိချုပ် General Chaisit Shinawatra **နှင့် အဖွဲ့ဝင်များအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်ခန်းမ၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံစဉ်။** (သတင်းစဉ်)

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရ ရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ ဖြစ်ကြသည့်

ယင်းနောက် ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General Chaisit Shinawatra က ဧည့်ခံဖျော်ဖြေကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းပေးအပ်ပြီး စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ (သတင်းစဉ်)

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ် သေနာပတိချုပ် General Chaisit Shinawatra **နှင့် အဖွဲ့ဝင် များ အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်ခန်းမ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)

ကွေ့မ ရေဝတီမြစ်ဖြတ် သဘာဝဓာတ်ငွေ့ပိုက်လိုင်း ဆက်သွယ်မည့်နေရာ ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီ စစ်ဆေး

ရန်ကုန် စက်တင်ဘာ ၂၀

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးဖေသန်းနှင့် စွမ်းအင်ဝန်ကြီးဌာနနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများလိုက်ပါ လျက် ယမန်နေ့နံနက် နံနက်ပိုင်းတွင် ပဲခူးတိုင်း ပြည်ခရိုင် ရွှေတောင်မြို့နယ်ရှိ ကွေ့မ(၁၀)လက်မ ရေဝတီမြစ်ဖြတ် သဘာဝဓာတ်ငွေ့ပိုက်လိုင်း ဆက်သွယ်မည့်နေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီး၊ ဒုတိယဝန်ကြီးတို့သည် ရေဝတီမြစ်အရှေ့ဘက်ကမ်းရှိ ရွှေတောင်မြို့နယ် ရွှေကူရွာအနီးမြစ်ဖြတ်ပိုက်လိုင်းတွဲမည့် လမ်းကြောင်းနေရာသို့ ရေယာဉ်ဖြင့် သွားရောက်ကြည့်ရှုရာ ဝန်ကြီးအား မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း အထွေထွေမန်နေဂျာ(ပိုက်လိုင်း) ဦးဆန်းထွတ်က မြစ်ဖြတ်ပိုက်လိုင်း ဆက်သွယ်ရန် ဆောက်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးဖေသန်းက လက်ရှိရေစီးကြောင်း အခြေအနေ၊ ပြောင်းလဲသွားမည့် ရေစီးကြောင်းလမ်းနှင့် ရေစီးအား အခြေအနေ၊ မြစ်ကြမ်းပြင်ရေတိုက်စားမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက မြစ်ကြောင်းနှင့် ရေစီးရေလာအခြေအနေများကို ကြိုတင်လေ့လာပြီး ရေမကျမီစတင် ဆက်သွယ်နိုင်မည့် လမ်းကြောင်းများကို ကြိုတင်ခင်းကျင်းဆက်သွယ်ထားရန်၊ ပိုင်းလိုင်းကျိုးပြတ်မှု အန္တရာယ်မှ ကာကွယ်နိုင်ရေးအတွက် ယခုအချိန်ကတည်းက ပိုမိုသေချာအောင် ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်ထားရှိရန်တို့ကို အသေးစိတ် မှာကြားပြီး ပိုက်လိုင်းလမ်းကြောင်းနေရာကို အတည်ပြုရွေးချယ်သည်။ ထို့နောက် ဝန်ကြီး၊ ဒုတိယဝန်ကြီးတို့သည် မြစ်အနောက်ဘက် ရွှေဂူချောင်း ရွာဘက်ကမ်းသို့ ရေယာဉ်ဖြင့်သွားရောက်ပြီး ပိုက်လိုင်းလမ်းကြောင်းနေရာကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ပြည်ရေနံမြေရှိ သဘာဝဓာတ်ငွေ့ဖိအားမြှင့် စက်ရုံသို့ရောက်ရှိရာ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ညွှန်ကြားရေးမှူး (ထုတ်လုပ်ရေး) ဦးအုန်းမြင့်က သဘာဝဓာတ်ငွေ့ လက်ခံရရှိမှုနှင့် ဖြန့်ခွဲပို့လွှတ်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစန်းလွင်က ဖြည့်စွက် ရှင်းလင်းတင်ပြသည်။ ဝန်ကြီးက စက်ရုံအလုပ်ရုံများ၊သဘာဝဓာတ်ငွေ့သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံများသို့ သတ်မှတ်ဖိအား အတိုင်း ပို့လွှတ်နိုင်ရေး အထူးဂရုစိုက်ကြရန် မှာကြားပြီး သဘာဝဓာတ်ငွေ့ဖိအားမြှင့်စက်များ လည်ပတ်နေမှု အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းတို့ ပဲခူးတိုင်း ပြည်ခရိုင် ရွှေတောင်မြို့နယ်ရှိ ကွေ့မ ၁၀ လက်မ ရေဝတီမြစ်ဖြတ်သဘာဝ ဓာတ်ငွေ့ပိုက်လိုင်း ဆက်သွယ်မည့် ပိုက်လိုင်းလမ်းကြောင်းနေရာအား မြေပုံပေါ်တွင် ကြည့်ရှုစစ်ဆေးကြစဉ်။ (စွမ်းအင်)

တပ်မတော် (ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပြိုင်ပွဲများ ဆက်လက်ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၀

၂၀၀၅ခုနှစ် (၂၁)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖလား အသက်(၂၁)နှစ်နှင့်အောက် တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံး ပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို ယနေ့ညနေပိုင်းတွင် သတ်မှတ်ထားသော ပြည်နယ်နှင့် တိုင်းဇုန်များ၌ ဆက်လက်ကျင်းပသည်။

(က)အုပ်စု ရတခဇုန် (မော်လမြိုင်) ရာမညအားကစားကွင်း၌ ကျင်းပသော ပြိုင်ပွဲတွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ်အသင်းက အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ (ခ)အုပ်စုနတခဇုန် (ပုသိမ်)အားကစားကွင်း၌ ကျင်းပသော ပြိုင်ပွဲတွင် အမှတ်(၃၃) ခြေမြန်တပ်မဌာနချုပ်အသင်းက အမှတ်(၈၈) ခြေမြန်တပ်မဌာနချုပ်အသင်းကို ခြောက်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ (ဂ)အုပ်စု နမခဇုန်(မုံရွာ)အားကစားကွင်း၌ ကျင်းပသော ပြိုင်ပွဲတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်အသင်းက အမှတ်(၄၄)ခြေမြန် တပ်မဌာနချုပ်အသင်းကို ၁၃ဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ (ဃ)အုပ်စု လပခဇုန် (မန္တလေး) ဗထူးအားကစားကွင်း၌ ကျင်းပသော ပြိုင်ပွဲတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ်အသင်းက အမှတ်(၇၇)ခြေမြန်တပ်မဌာနချုပ်အသင်းကို ငါးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ (င)အုပ်စု တပခဇုန် (တောင်ငူ)အားကစားကွင်း၌ ကျင်းပသောပြိုင်ပွဲတွင် တပ်မတော်(လေ)အသင်းက မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိသွားကြသည်။

(သတင်းစဉ်)

မေတ္တာ သွေးစက် လှူဒါန်းနိုင်

ရန်ကုန် စက်တင်ဘာ ၂၀

ဆေးရုံအသီးသီး၌ သွေးလိုအပ်နေသော ဝေဒနာရှင်များ မေတ္တာသွေးစက်ဖြင့် အသက်ကယ်နိုင်ရန် အကြိမ်(၉၀)မြောက် ဒါနဥပပါရမီ၊ ဒါနပရမတ္ထပါရမီ မေတ္တာသွေးလှူဒါန်းပွဲကို ရန်ကုန်မြို့ ဗိုလ်တထောင်စေတီတော်ရှိ ဆိပ်ကမ်းမဏ္ဍာရုံကြီး၌ မေတ္တာဗျူဟာအဖွဲ့က ကြီးမှူး၍ အောက်တိုဘာ ၁ ရက် နံနက်ရနာရီခွဲတွင် စတင်ကျင်းပမည်ဖြစ်သည်။ မိမိတို့၏ မေတ္တာသွေးစက်ဖြင့် ခုနစ်ရက်သားသမီးများ ကျန်းမာစေရန် သွေးလှူဒါန်းလိုသူ မေတ္တာသွေးလှူရှင်တိုင်း လာရောက် လှူဒါန်းနိုင်သည်။ (သတင်းစဉ်)

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးနှိမ်နင်းရေး ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များ၌ လူထုလှုပ်ရှားမှုဖြင့်ဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၂၀

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာနတို့ ပူးပေါင်းစီစဉ်မှုဖြင့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးနှိမ်နင်းရေး လူထုလှုပ်ရှားမှုဖြင့် စုပေါင်းဆောင်ရွက်မှုများကို ယနေ့နံနက်ပိုင်းတွင် သဃ်ာန်းကျွန်း၊ ကြည့်မြင်တိုင်၊ကမာရွတ်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)နှင့် သာကေတမြို့နယ်တို့၌ တစ်ပြိုင်တည်းပြုလုပ်ကြရာ ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်ာန်းကျွန်းမြို့နယ် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးနှိမ်နင်းရေးလူထုလှုပ်ရှားမှုဖြင့် စုပေါင်းဆောင်ရွက်ရာသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ) ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ) ဒုတိယမြို့တော်ဝန်ဗိုလ်မှူးကြီးမောင်ပါနှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ တိုင်းမှူး၊ဝန်ကြီး၊မြို့တော်ဝန်၊ဒုတိယဝန်ကြီး၊ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် နံနက်၇နာရီခွဲတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်ာန်းကျွန်း

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်ာန်းကျွန်းမြို့နယ် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးနှိမ်နင်းရေး လူထုလှုပ်ရှားမှုဖြင့် ပူးပေါင်းဆောင်ရွက်နေမှုကို ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့်အဖွဲ့ ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

မြို့နယ် လေးထောင့်ကန်လမ်းရှိ မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံးသို့ ရောက်ရှိကြရာရုံးခန်းမ၌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာန ဌာနမှူး ဒေါက်တာတင်မောင်ဝင်း၊ မြို့နယ်ကျန်းမာရေး ဦးစီးမှူး ဒေါက်တာလွင်လွင်နှင့် ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးမှူး ဒေါက်တာလှမြင့်တို့က သဃ်ာန်းကျွန်းမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု ကာကွယ်တားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ အသက်အရွယ် အပိုင်းအခြားအလိုက် ရောဂါဖြစ်ပွားမှု၊ လအလိုက်၊ နှစ်အလိုက်ရောဂါဖြစ်ပွားမှု၊ ရန်ကုန်တိုင်းအတွင်း ခရိုင်နှင့် မြို့နယ်များအလိုက် ရောဂါဖြစ်ပွားမှု၊ ကာကွယ်ကုသခြင်းဆိုင်ရာ လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန်က ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များအလိုက် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုနှင့် ကာကွယ်တားဆီးခြင်း လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်ဝေက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအနေဖြင့် မြို့နယ်ဌာနဆိုင်ရာများနှင့် ပူးပေါင်းကာ ရပ်ကွက်များ၊ကျောင်းများ၊ ဈေးများ၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက် နေမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဖြည့်စွက်မှာကြား

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီးဒေါက်တာကျော်မြင့်၊မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့က သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တိုက်ဖျက်ခြင်းနှင့် ကုသခြင်းလုပ်ငန်းများထိရောက်မှုရှိစေရန် လိုအပ်ချက်များကို ဖြည့်စွက်မှာကြားကြသည်။

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီး၊ မြို့တော်ဝန်နှင့်တာဝန်ရှိသူများသည် သဃ်ာန်းကျွန်းမြို့နယ် ၁၆/၄ ရပ်ကွက်၊ ဇောတိကလမ်း၊ သီတာရေစင်လမ်းနှင့် စိတ္တသုခလမ်းတို့၌ မြို့နယ် ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့တော်စည်ပင် ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ စုပေါင်း၍ သွေးလွန်တုပ်ကွေး ရောဂါကာကွယ် တားဆီးနှိမ်နင်းရေးလုပ်ငန်းများဟောပြောဆွေးနွေးနေမှု၊ လမ်းများအတွင်းရှိ ရေနုတ်မြောင်းများ ရှင်းလင်းဆယ်ယူနေမှု၊ ထုံးဖြူးခြင်း၊ ဆေးဖျန်းခြင်းနှင့် နေအိမ်များအတွင်း ဆေးမှုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဖုံး၊ သွန်၊လဲ၊စစ် လုပ်ငန်းများ ပညာပေးသရုပ်ပြ ဆောင်ရွက်ပေးမှု၊ ရေတွင်း ရေကန်များအတွင်း လောက်လမ်းစား ငါးများနှင့် ABADE ဆေးများထည့်သွင်းပေးနေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးကြပြီး ရပ်ကွက်နေပြည်သူများအား ရင်းနှီးစွာ နှုတ်ဆက်အားပေးကြသည်။ (သတင်းစဉ်)

အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ပညာလောကမဟာထေရ်အား ရည်စူး၍ စစ်တကောင်း ဗုဒ္ဓဘာသာအသင်း၏ မဟာနာယက ဓမ္မဒူတကျောင်းတိုက် ဆရာတော်ကြီး ဘဒ္ဒန္တသုမေဓပိယနှင့် ဒါယကာ၊ ဒါယိကာမများက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် ၁၁၀၅၅၅ ကျပ် လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးမှူး ဦးသန်းရွှေ လက်ခံယူစဉ်။ (က-ပ)

သတိ

၁။ ပြောက်အိုး၊ မီးရှူးနှင့် ဒုံးများ(ရှူးဒိုင်း) ပစ်ဖောက်ခြင်းဖြင့် ပြည်သူများ အထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများက ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးကို ထိခိုက်အောင် လုပ်လာနိုင်ခြင်းတို့ကြောင့် ပြောက်အိုး၊ မီးရှူးနှင့် ဒုံးများ (ရှူးဒိုင်း)တို့ပစ်ဖောက်ခြင်းကို တားမြစ်သည်။

၂။ တားမြစ်ချက်အား ဖောက်ဖျက်ပါက-

(က) ပစ်လွှတ်သည့်နေရာမှ အနီး၊ အဝေး၊ အနိမ့်နှင့် အမြင့်တို့တွင် ပေါက်ကွဲစေတတ်သော ပြောက်အိုး၊ မီးရှူးနှင့် ဒုံးများ(ရှူးဒိုင်း) ဖောက်လျှင် ထောင်ဒဏ်(၃)နှစ်။

(ခ) ပြောက်အိုး၊ မီးရှူးနှင့် ဒုံးများ(ရှူးဒိုင်း)ရောင်းလျှင်၊ ထုတ်လုပ်လျှင် ထောင်ဒဏ်(၅)နှစ်။

(ဂ) သတင်းပေးသူကို ထိုက်တန်စွာဆုပေးမည်။

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ အာဆင်နယ်က အဲဗာတန်ကိုနိုင်

လန်ဒန် စက်တင်ဘာ ၂၀

အင်္ဂလိပ်ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲကို တနင်္လာနေ့က ဆက်လက်ကျင်းပရာ အာဆင်နယ်အသင်းက အဲဗာတန်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။အာဆင်နယ်အသင်းမှနောက်တန်းလူ ဆိုးလ်ကမ်းဘဲလ်သည် ယခုပွဲတွင် နှစ်ဂိုးစလုံးကို ၎င်းတစ်ဦးတည်းက သွင်းယူခဲ့ခြင်းဖြစ်သည်။

ခေါင်းတိုက်သွင်းယူ

ထိခိုက်ဒဏ်ရာရရှိထားသူ သီယာရီ အွန်နရီကိုယ်စား အသင်းခေါင်းဆောင်အဖြစ် တာဝန်ယူသူ ကမ်းဘဲလ်သည် ပွဲချိန် ၁၁ မိနစ်နှင့် မိနစ် ၃၀ တို့တွင် အာဆင်နယ်အသင်းအတွက် အနိုင်ဂိုးများကို သွင်းယူခဲ့သည်။ စပိန်လူမျိုး ရှေ့တန်းလူ ဟိုဆေးအန်တိုနီယိုရေးယက်စ်က ဖရီးကစ်များ ကန်သွင်းခြင်းမှတစ်ဆင့် ကမ်းဘဲလ်က နှစ်ဂိုးစလုံးကို ခေါင်းတိုက်သွင်းယူခဲ့ခြင်းဖြစ်သည်။

ဂိုးဘားတန်းထိ

ဒုတိယပိုင်းတွင် အာဆင်နယ်အသင်းမှာ အေးအေးနှင့်မှန်မှန် ကစားသွားခဲ့ပြီး ဂိုးသွင်းနိုင်ရန်ကြိုးပမ်းသော ဖရက်ဒရစ်ယွန်းဘတ်၏ ဘောလုံးမှာ ဂိုးဘားတန်းကို ထိမှန်ကာပြန်ထွက်လာခဲ့သည်။

အာဆင်နယ်အသင်းသည် ပရီမီယာလိဂ် ယခင်ပွဲများတွင် နှစ်ပွဲရှုံး၊ နှစ်ပွဲနိုင် အခြေအနေရှိခဲ့ရာ ယခုပွဲတွင် အနိုင်ရရှိရန် စိတ်ဓာတ်ရေးရာအရ ဖိအားပေးခံရမှုရှိနေခဲ့သည်။

အစားထိုးကစား

ကမ်းဘဲလ်က ဒုတိယမြောက်ဂိုးကို သွင်းယူနိုင်ခြင်းမရှိမီ အဲဗာတန်အသင်းမှ ဖီးလ်နဗီးလ်နှင့် ဘောလုံးယှဉ်လုရာမှ အာဆင်နယ်ဘောလုံးသမား ရောဘတ်ပီရက်စ် ဒဏ်ရာရရှိခဲ့ရာ ၎င်း၏နေရာတွင် ဘီလာရစ် ကွင်းလယ်ကစားသမား အလက်ဇန္ဒာအီလက်က အစားထိုး ကစားခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

မိုးကုတ်ဝိပဿနာ တရားစခန်းပွဲ

ရန်ကုန် စက်တင်ဘာ ၂၀

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် မိုးကုတ်ရိပ်သာ ပုပ္ပား (၃)ကျောင်း မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် နယ်လှည့်ဓမ္မကထိက အစိုးရဓမ္မာစရိယ ရှေဦးဆရာတော်ဘဒ္ဒန္တ နန္ဒာသိရီ အရှင်သူမြတ်သည် ပဲခူးတိုင်း သုံးဆယ်မြို့ မိုးကုတ် ဝိပဿနာအဖွဲ့ခွဲ(၇၉)၌ ၁၃၆၇ ခုနှစ် တော်သလင်းလပြည့်ကျော် ၇ ရက်မှ တော်သလင်းလပြည့်ကျော် ၁၃ ရက် အထိ၊ မိုးညိုမြို့ မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ (၁၂၈)၌ သီတင်းကျွတ်လဆန်း ၁၁ ရက်မှ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်အထိနှင့် သီတင်းကျွတ်လပြည့်ကျော် ၄ ရက်တွင် စုပေါင်းကထိန်အလှူတရားပွဲတို့၌ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

မြဝတီ ရုပ်မြင်သံကြား အစီအစဉ်

၂၁-၉-၂၀၀၅ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၁။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၄:၁၅** ၄။ လက်စွမ်းပြပဟန်ဂီတသံ
- **၄:၂၀** ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- **၄:၃၀** ၆။ မျိုးချစ်တပ်မတော်
- **၄:၄၀** ၇။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
- **၄:၅၀** ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- **၅:၀၀** ၉။ **အဝေးသင်ပညာရေးပို့ချမှုအစီအစဉ် -Finance. (ပထမနှစ်-စီးပွားရေးပညာ)**
- **၅:၃၀** ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
- **၅:၄၅** ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၃။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၄။ မိုးလေဝသသတင်း
- **၆:၂၅** ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆:၄၀** ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ချစ်အဓိပ္ပာယ်လေးတော့ အမျိုးမျိုးဖွင့်ကြပါလိမ့်မယ်" (အပိုင်း-၂၀)**
- **၈:၀၀** ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ ဗွီစီဒီ ကျော်ကြားတေးများ
- ၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "နှင်းနဂါးသိုင်း" (အပိုင်း-၂၇)**
- ၂၃။ သင့်အတွက်မနက်ဖြန်
- ၂၄။ အပိတ်နှုတ်ဆက်စကား
- ၂၅။ ပြီးပါပြီ။

တစ်မျိုးသားလုံး၏ အမျိုးသားပညာရည်အဆင့် မြင့်မားအောင်ဆောင်ရွက် တိုးတက်နေသောခေတ်ကြီးကို မျက်ခြည်ပြတ်မခံဘဲ အစဉ်လေ့လာသင်ယူ

စက်ခလုတ်နှိပ်ဖွင့်လှစ်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ကော့ခမယ် အခြေခံပညာ အထက်တန်းကျောင်း ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများ ဖွင့်ပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ရန်ကုန် စက်တင်ဘာ ၂၀

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ကော့ခမယ် အခြေခံပညာအထက်တန်းကျောင်း ပညာရည်မြင့်မားရေး အထောက်အကူပြုစာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၈ရက် နံနက် ၈နာရီ ၄၅မိနစ်တွင် အဆိုပါကျောင်း၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို တက်ရောက်၍ ဖွင့်ပွဲဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားသည်။

ဖွင့်လှစ်

ရှေးဦးစွာ ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများ ဖွင့်ပွဲအခမ်းအနား ပထမပိုင်း အစီအစဉ်ကို ကျောင်းရှေ့ဥပစာ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြစိန်နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးချိုကြီးတို့က ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ဖွင့်ပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့် ဧည့်သည်တော်များသည် ပညာရည် မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများ၌ ကျောင်းသား၊ ကျောင်းသူများ စနစ်တကျ သင်ယူနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ထိုသို့လှည့်လည်ကြည့်ရှုစစ်ဆေးရာတွင် အိမ်တွင်းမှုနှင့် လက်မှုပညာခန်းမှ ကျောင်းသား၊ ကျောင်းသူများက ဒုတိယ ဗိုလ်ချုပ်ကြီး မောင်ဘိုအား ၎င်းတို့ပြုလုပ်ထားသော လက်မှုပစ္စည်းနှင့် ဆေးဝါးတို့ကို ဂါရဝလက်ဆောင်အဖြစ် ပေးအပ်သည်။

ဖျော်ဖြေညှော့ခံ

ယင်းနောက် ဂီတအနုပညာခန်း၌ ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများဖွင့်ပွဲ အခမ်းအနား ဒုတိယပိုင်းအစီအစဉ်များကို ဆက်လက်ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြစိန်က ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများ အကောင်အထည်ဖော် ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြပြီး ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးချိုကြီးက ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများ ပေါ်ပေါက်စေရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ကော့ခမယ် အခြေခံပညာ အထက်တန်းကျောင်းအတွက် ပညာရည်မြင့်မားရေး အထောက်အကူပြု ပစ္စည်းများကို ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်သည်။

ဆက်လက်၍ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ကျောင်းအတွက် အလှူငွေကျပ် နှစ်သိန်းကို ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်သည်။

ယင်းနောက် ဖားအောက်ကျောင်းသစ် ဆရာတော်က အလှူငွေကျပ် လေးသိန်း၊ ဖားအောက်ရွာမှ ဦးစိုးနိုင် မိသားစုက အလှူငွေကျပ် ၁၀သိန်း၊ ဖားအောက်ရွာမှ ဦးသိန်းတန်-ဒေါ်စိုးစိုး မိသားစုက အလှူငွေကျပ် တစ်သိန်းနှင့် ဇမ္ဗူထွန်းတင့် ရတနာရွှေဆိုင် (ရခိုင်ကုန်း)က အလှူငွေကျပ် တစ်သိန်းတို့ကို အလှူရှင်များနှင့် ကိုယ်စားလှယ်များက ကျောင်းအုပ်ဆရာမကြီးထံ အသီးသီး ပေးအပ်ကြသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန အမှတ်(၁) အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းကြည်က နိုင်ငံတော်က ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က မွန်ပြည်နယ် အနေဖြင့် ပညာရေးကဏ္ဍတွင် တက္ကသိုလ်ဝင်တန်း ဖြေဆိုအောင်မြင်မှု ၃၄ဒသမ ၅ ရာခိုင်နှုန်းရှိမှု၊ ကော့ခမယ် အခြေခံပညာ အထက်တန်းကျောင်းက ၄၃ဒသမ ၄၆ရာခိုင်နှုန်းနှင့် မော်လမြိုင် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းက ၇၈ရာခိုင်နှုန်းရှိမှု စသည်ဖြင့် ပညာရေးကဏ္ဍ အောင်မြင်မှုများကို လည်းကောင်း၊ ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများ အခြေအနေတို့ကို လည်းကောင်း ရှင်းလင်းတင်ပြသည်။

ပညာခေတ်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက အမှာစကား ပြောကြားရာတွင် ယနေ့အချိန်အခါသည် ကမ္ဘာ့နိုင်ငံ အသီးသီးက နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သော အမျိုးသားလူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ရည်မှန်းချက်ထားပြီး အင်တိုက်အား တိုက်ဆောင်ရွက်နေသည့် ကာလဖြစ်သကဲ့သို့ ပညာကိုအသားပေးလာသည့် ပညာခေတ်လည်း ဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရသည် တစ်မျိုးသားလုံး ပညာရည်မြင့်မားရေးနှင့် အရည်အသွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွက်လာအောင် ပြုစုပျိုးထောင်မွေးထုတ်ပေးရေးတို့ကို ဟန်ချက်ညီညီ ဖြစ်ထွန်းစေဖို့ စနစ်တကျ စီမံကိန်းများချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းလည်းဖြစ်ကြောင်း။

အခြေခံလိုအပ်ချက်

ခေတ်နှင့်အညီ တိုးတက်ဖြစ်ထွန်းနေသည့် အီလက်ထရွန်းနစ်ကွန်ပျူတာ ပညာရပ်ကို အခြေခံသည့် သင်ကြားမှု သင်ယူမှုသည် အရည်အသွေးမြင့်မားသည့် လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသား ပညာရေးအဆင့်အတန်း တိုးတက်မြင့်မားရေးတွင် အခြေခံကျသော လိုအပ်ချက်တစ်ရပ်ဖြစ်လာကြောင်း။

ပညာရေးမြှင့်တင်မှု အစီအစဉ်အရ အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍ ဆက်စပ်ပြီး အမျိုးသားပညာရည် မြင့်မားရေး အထူးလေးနှစ် စီမံကိန်းကိုပါ တစ်ပြိုင်တည်း ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ အခြေခံပညာကဏ္ဍ၏ သင်ရိုးညွှန်းတမ်းများကို အဆင့်မြှင့်တင်ပြောင်းလဲမှုများ၊ အမြို့မြို့အနယ်နယ်မှာ လျှပ်စစ်ပစ္စည်းသုံးစနစ်သစ် သင်ကြားမှု စာသင်ခန်းများနှင့် သင်ကြားလျက်ရှိကြောင်း၊ အခြေခံပညာအထက်တန်းကျောင်းများအတွက် ဘာသာရပ်အလိုက် ထုတ်လွှင့်ပို့ချမှုများလည်း လုပ်ဆောင်နေပြီဖြစ်ကြောင်း။

ကျောင်းတွင်းပညာရေးနှင့် ကျောင်းပြင်ပ ပညာရေးဆက်စပ်ပြီး အရည်အသွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် ပေါ်ထွန်းလာရေးကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။မျက်မှောက်ခေတ် ရင်ဆိုင်တွေ့ကြုံနေသည့် ပညာခေတ်တွင် နည်းပညာရပ်များသည် တစ်ရှိန်ထိုး တိုးတက်ပြောင်းလဲနေပြီဖြစ်သည့်အတွက်နည်းပညာကျွမ်းကျင်သော နိုင်ငံများသည် ကမ္ဘာမှာ အသာစီးရနေကြကြောင်း။

ဤနည်းပညာများကို လေ့လာသင်ယူနိုင်ရန် ယခုပညာ ရည်မြင့်မားမှု အထောက်အကူပြု စာသင်ခန်းများက အစပျိုးရမည်ဖြစ်ကြောင်း။

ကျောင်းသား၊ ကျောင်းသူများကို ထူးချွန်ထက်မြက်သည့် လူရည်ချွန် လူရည်မွန်အဖြစ် မွေးထုတ်ပေးနိုင်မှသာ အနာဂတ် မြန်မာနိုင်ငံတော်အတွက် ရင်အေးဖွယ်ဖြစ်ကြောင်း။

ထူးချွန်ထက်မြက်သည့် ပညာတတ်လူရည်ချွန် လူရည်မွန်များသည် အနာဂတ်ကို မှန်ကန်စွာ ဦးဆောင်နိုင်ကြမည်ဖြစ်ကြောင်း။

ယနေ့ ပညာရည် မြင့်မားရေး အထောက်အကူပြု စာသင်ခန်းဖွင့်ပွဲသည်လည်း အမျိုးသား ပညာရည်မြင့်မားစေဖို့၊ နိုင်ငံတကာအဆင့်မီ ပညာရေးစနစ်တစ်ခု ဖြစ်ထွန်းလာစေဖို့ အဓိက ဆောင်ရွက်ချက်ပင်ဖြစ်ကြောင်း၊ ယနေ့ ကမ္ဘာ့ပညာရေးလောက တစ်ခုလုံးသည် ဘယ်လိုရည်မှန်းချက်၊ မျှော်မှန်းချက်များ ထားသင့်ကြောင်း၊ ဘယ်လိုနည်းစနစ်များ ဆုပ်ကိုင်ပြီး ပညာရေးစနစ်ထူထောင်ဖို့ လိုတယ်ဆိုသည်ကို ရှာဖွေနေရသည့် ကာလကြီးဖြစ်သဖြင့် နိုင်ငံတိုင်းသည် ပညာရေးကဏ္ဍရဲ့ သင်ကြားမှုသင်ယူမှုကို ပြုပြင်ပြောင်းလဲမှု ဆောင်ရွက်နေကြရတာဖြစ်ကြောင်း။

ပညာရေး ပြုပြင်ပြောင်းလဲမှု လုပ်သည့်အခါတွင် ဆရာများ၏ အခန်းကဏ္ဍသည် ချန်ထား၍ မရနိုင်ကြောင်း၊ ဆရာများသည် ကမ္ဘာနှင့်အဝန်း ဖြစ်ပျက်နေမှုများကို သိရှိအောင် လေ့လာထားဖို့ လိုအပ်ကြောင်း။

ပညာရေးကို အားပေးသည့် ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ စေတနာ၊ မေတ္တာကို တန်ဖိုးထားသည့်အနေဖြင့် ကျောင်းသားမိဘများ၊ စေတနာရှင်များနှင့် အဖွဲ့အစည်းအသီးသီးတို့သည် စနစ်သစ်သင်ကြားမှု၊ အကောင်အထည်ဖော်ဆောင်ရွက်မှု လုပ်ငန်းများတွင် ကိုယ်ရောစိတ်ပါ ပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့ကိုလည်း တိုက်တွန်းလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောလိုသည်မှာ အမျိုးသားပညာရေးမြှင့်တင်မှု အစီအမံများ၏ ရည်ရွယ်ချက်နှင့် အနှစ်သာရကို ကျယ်ပြန့်သည့် အမျိုးသားရေးအမြင်ဖြင့် ဆက်စပ်ရှုမြင်သုံးသပ်ပြီး-

- **နိုင်ငံတော်သစ် တည်ဆောက်ရေးမှာ ကျရာအခန်းကဏ္ဍမှ အတူတကွ ပူးပေါင်းပါဝင်ကြပါ။**
- **တစ်မျိုးသားလုံး၏ အမျိုးသားပညာရည်အဆင့် မြင့်မားအောင် ဆောင်ရွက်ပေးကြပါ။**
- **၂၁ရာစု၏ တိုးတက်နေသော ခေတ်ကြီးကို ယနေ့လူငယ်များသည်မျက်ခြည်ပြတ်မခံဘဲ အစဉ်လေ့လာသင်ယူနေကြပါ။**
- **ရရှိပြီးထားသည့် အောင်မြင်မှုအပေါ် ကျေနပ်ရောင့်ရဲတင်းတိမ်မနေဘဲဆက်၍ဆက်၍ ကြိုးစားကြပါ။**
- **အတတ်ပညာရှင်၊ အသိပညာရှင်များ များပြားစွာပေါ်ထွန်းပြီး မိမိအကျိုး၊ ရပ်ရွာအကျိုး၊ နိုင်ငံအကျိုးကို ဆက်လက်သယ်ပိုးဆောင်ရွက် နိုင်ကြပါစေလို့ တိုက်တွန်း နှိုးဆော်ပါကြောင်း**

ဖြင့် မှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ကော့ခမယ် အခြေခံပညာ အထက်တန်းကျောင်းအတွက် ပညာရည်မြင့်မားရေး အထောက်အကူပြုပစ္စည်းများကို ကျောင်းအုပ်ဆရာမကြီး ဒေါ်မြစိန်ထံ ပေးအပ်စဉ်။ (သတင်းစဉ်)

ဒီမိုကရေစီနိုင်ငံတော်ကြီးပေါ်ထွန်းလာရေး ပညာရေးဆိုင်ရာအခြေခံကောင်းများ ဖြစ်ထွန်းရန်လိုအပ် နယ်စပ်အစွန်အဖျားဒေသများပါမကျန် အခြေခံပညာကျောင်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိ ကျိုင်းတုံဒေသ တိုင်းရင်းသားရင်သွေးငယ်များ၏ စာအံသံ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တစ်ခွင် လွှမ်းခြုံ ကျန်းမာရေးဆိုင်ရာဆောင်ရွက်မှုများကြောင့် ကျန်းမာသန်စွမ်းသော ကလေးငယ်များ၊ မိခင်များ ပေါ်ထွက်ခဲ့

ရန်ကုန် စက်တင်ဘာ ၂၀

ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်နှင့်အညီ ကျေးလက်ဒေသလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုကို ကြည့်ရှုလေ့လာရန်နှင့် အားပေးရန်အတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေသည် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့သို့ ရောက်ရှိခဲ့သည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသတွင်းဘက်စုံ၊ ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ လက်တွဲညီညီ ပူးပေါင်းကြိုးပမ်းဆောင်ရွက်မှုကြောင့် တည်ငြိမ်အေးချမ်းမှုနှင့်အတူ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် ကဏ္ဍအသီးသီးတို့သည် တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်လာလျက်ရှိသည်။

ဘက်စုံဖွံ့ဖြိုး

နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့်အတွက် ရှမ်းပြည်နယ်ရှိ ကျေးလက်ဒေသများသည် ဘက်စုံဖွံ့ဖြိုးတိုးတက်လာခဲ့သည်။

မြန်မာနိုင်ငံတွင် နိုင်ငံတော်အစိုးရက ပြည်သူများ၏ ကျန်းမာကြံ့ခိုင်သန်စွမ်းရေးကို ကျန်းမာရေးဆိုင်ရာ အမျိုးသားရေး မျှော်မှန်းချက်တစ်ရပ်အဖြစ် ဦးတည်ချမှတ် အကောင်အထည်ဖော်လျက်ရှိသည်။ ကျန်းမာရေးလုပ်ငန်းများကို အမျိုးသားရေးအမြင်ဖြင့် စနစ်တကျ စီမံဖြည့်ဆည်းပေးနေပေသည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ကျင်းပသော မိခင်နှင့်ကလေးများ၏ အာဟာရဖွံ့ဖြိုးမှုပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားတွင် အသက်အုပ်စုအလိုက် ဆုရရှိသော ကလေးငယ်တစ်ဦးအား တာဝန်ရှိသူတစ်ဦးက ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာနက ပြည်သူများ အာဟာရဖွံ့ဖြိုးရေးအတွက် အာဟာရချို့တဲ့မှုများ လျော့နည်းပပျောက်ရေး၊ ပြည်သူများအတွင်း ကျန်းမာရေးကို အထောက်အကူပြုသည့် စားသောက်ပုံလေ့များ ထွန်းကားရေး၊ အာဟာရလွန်ကဲမှုနှင့် နီးနွယ်နေသည့် အဝလွန်ခြင်းနှင့် ဆီးချို၊ သွေးချိုရောဂါ၊ သွေးတိုးနှင့် နှလုံးရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်းများကို စီမံချက်များရေးဆွဲ အကောင်အထည်ဖော်လျက်ရှိသည်။

ပြိုင်ပွဲကျင်းပ

ယင်းသို့ ဆောင်ရွက်ချက်များအနက် ၂၀၀၅ ခုနှစ် စက်တင်ဘာ ၁၇ရက်က ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့-မြို့တော်ခန်းမ၌ မိခင်နှင့်ကလေးများ၏ အာဟာရဖွံ့ဖြိုးမှုပြိုင်ပွဲ၊ ဆုပေးပွဲနှင့် ကျန်းမာရေးအသိပညာပေး ဟောပြောပွဲအခမ်းအနားကို ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ရှမ်းပြည်နယ်(အရှေ့ပိုင်း)နယ်မြေတာဝန်ခံ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေတို့ တက်ရောက်ကြပြီး မိခင်များနှင့် ကလေးများအား ကြည့်ရှုအားပေးကြသည်။

အခမ်းအနားသို့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသတွင် ပါဝင်သော မြို့နယ် ၁၀မြို့နယ်မှ ဒေသခံတိုင်းရင်းသားများ၊ ကျိုင်းတုံမြို့နယ်အတွင်းရှိ ရပ်မိရပ်ဖများ၊ ပြည်သူလူထုများ၊ မိခင်နှင့်ကလေးများ၊ အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် အစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့များမှ ပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

မိခင်နှင့်ကလေးများ၏ အာဟာရဖွံ့ဖြိုးမှုပြိုင်ပွဲသို့ ကျိုင်းတုံမြို့နယ်အတွင်းရှိ ကျေးလက်နှင့်ရပ်ကွက်အသီးသီးမှ မိခင်နှင့်ကလေး စုစုပေါင်း ၂၈၂ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

အဆိုပါပြိုင်ပွဲတွင် ကလေးများ၏ လစဉ်ကိုယ်အလေးချိန်တိုးတက်မှု၊ ကာကွယ်ဆေးထိုးနှံပြီးစီးမှု၊ တစ်ကိုယ်ရည်

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ကျင်းပသော မိခင်နှင့်ကလေးများ၏ အာဟာရဖွံ့ဖြိုးမှုပြိုင်ပွဲတွင် ကလေးများ၏ လစဉ်ကိုယ်အလေးချိန်တိုးတက်မှု၊ ကာကွယ်ဆေးထိုးနှံပြီးစီးမှု၊ တစ်ကိုယ်ရည်သန့်ရှင်းမှု၊ ရောဂါဘယကင်းရှင်းမှု၊ မိခင်များတစ်ကိုယ်ရည် သန့်ရှင်းမှု၊ မိခင်နို့ စနစ်တကျတိုက်ကျွေးမှုတို့ကို တာဝန်ရှိသူများက စစ်ဆေးကြစဉ်။ (သတင်းစဉ်)

သန့်ရှင်းမှု၊ ရောဂါဘယကင်းရှင်းမှု၊ မိခင်များတစ်ကိုယ်ရည်သန့်ရှင်းမှု၊ မိခင်နို့ စနစ်တကျတိုက်ကျွေးမှု စသည့်အချက်များဖြင့် ကျန်းမာရေးဌာနမှ ဆရာဝန်ကြီးများကိုယ်တိုင် စနစ်တကျ အမှတ်ပေးရွေးချယ်ကြသည်။

ယင်းနောက် မိခင်နှင့်ကလေးများ၏ အာဟာရဖွံ့ဖြိုးမှုပြိုင်ပွဲ ဆုပေးပွဲကို ဆက်လက်ကျင်းပရာ အသက်အုပ်စုအလိုက် ဆုရရှိကြသော ကလေး ၃၅ဦးတို့အား တာဝန်ရှိပုဂ္ဂိုလ်များက ဆုများကို အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ဟောပြောပွဲ

အဆိုပါဆုပေးပွဲ အခမ်းအနားအပြီးတွင် ကျန်းမာရေးအသိပညာပေး ဟောပြောပွဲအခမ်းအနားကို ဆက်လက်ကျင်းပသည်။ ယင်းအခမ်းအနားသို့ ကျိုင်းတုံမြို့နယ်နှင့် အနီးတစ်ဝိုက်ရှိ ကျေးလက်ဒေသများမှ ဒေသခံတိုင်းရင်းသားပြည်သူ ၁၂၀၀ကျော်တို့ တက်ရောက်ခဲ့ကြသည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ကျင်းပသော မိခင်နှင့် ကလေးများ၏ အာဟာရဖွံ့ဖြိုးမှုပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သော မိခင်နှင့်ကလေးများကို တွေ့ရစဉ်။ (သတင်းစဉ်)

အခမ်းအနားအစီအစဉ်အရ HIV/AIDS ပညာပေးဟောပြောခြင်းကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတင်ရှိန်က ဟောပြောရာတွင် HIV/AIDS ကူးစက်ပြန့်ပွားနိုင်သော အကြောင်းများ၊ ရှောင်ရှားရန် နည်းစနစ်များကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးသည်။

တီဘီရောဂါနှင့် ပတ်သက်၍ တွဲဖက် ပြည်နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာမြင့်အောင်က ကူးစက်ပုံ၊ ရှောင်ရှားရန် နည်းလမ်းများနှင့်တကွ တိုက်ရိုက်ကြည့်ရှုအချိန်တိုကု(DOTS) အစီအစဉ်ကို နိုင်ငံတော်က အရှိန်အဟုန်ဖြင့် ပြည်နယ်နှင့်တိုင်းအနှံ့ ဆောင်ရွက်လျက်ရှိပုံတို့ကို အသေးစိတ်ဆွေးနွေးသည်။ ငှက်ဖျားရောဂါနှင့်ပတ်သက်၍ ပြည်နယ်ငှက်ဖျားဆရာဝန်ကြီး ဒေါက်တာစိုင်းနော်ငင်းက ခြင်အန္တရာယ်ကာကွယ်ရေးလုပ်ငန်းများနှင့် ငှက်ဖျားရောဂါရရှိပါက စနစ်တကျကုသရေးတို့ကို ဆွေးနွေးဟောပြောသည်။

အာဟာရဖွံ့ဖြိုးမှုနှင့် ပတ်သက်၍ ပြည်နယ်ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာတင်ဆွေအေးက ဆွေးနွေးရာတွင် ကျန်းမာရေးဝန်ကြီးဌာနက ပြည်နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ အာဟာရဓာတ် ပြည့်ဝစေရန် ကိုယ်ဝန်ဆောင်မိခင်များအတွက် သံဓာတ်ဆေးပြားတိုက်ကျွေးခြင်း၊ခြောက်လမှ ငါးနှစ်အရွယ်ကလေးများအား ဗီတာမင်အေဆေးလုံးတိုက်ကျွေးခြင်း၊ အာဟာရဓာတ်ပါဝင်သော အစားအစာများ စားသုံးစေခြင်း စသည့်လှုပ်ရှားမှုများကို ကျေးလက်နေပြည်သူများနှင့် ပါဝင်ပူပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၀၀ပြည့်နှစ်မှ စတင်ပြီးဗီတာမင်အေဆေးလုံးကို အမျိုးသားကာကွယ်ဆေးတိုက်နေ့များတွင် ပိုလီယိုကာကွယ်ဆေးနှင့်တွဲ၍

စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ❐

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ ယဉ်ကျေးမှုဝန်ကြီးဌာနက ဝတ္ထုစာအုပ်များလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၂၀

မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းသို့ ယဉ်ကျေးမှုဝန်ကြီးဌာနက စာရေးဆရာမ မာမာ(ရှေးဟောင်းသုတေသန)ရေးသားသည့် "မိန်းမပြတ် အမေနှင့် အမေ့နေရာဝတ္ထုများ" စာအုပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းနှင့် ပါရမီလမ်းထောင့်ရှိ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အဆောက်အအုံ အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့်နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်ကြည်အောင်၏ဇနီး ဒေါ်ခင်ခင်လေးနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ယဉ်ကျေးမှုဝန်ကြီးဌာနကလှူဒါန်းသော စာရေးဆရာမ မာမာ(ရှေးဟောင်းသုတေသန) ရေးသားသည့် "မိန်းမပြတ်အမေနှင့်အမေ့နေရာဝတ္ထုများ"စာအုပ်များကို ယဉ်ကျေးမှု ဝန်ကြီးဌာန ဝန်ကြီး၏ဇနီး ဒေါ်ခင်ခင်လေးက ပေးအပ်လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက လက်ခံပြီးဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်၍ကျေးဇူးတင်စကား ပြောကြားသည်။

(သတင်းစဉ်)

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၏ဇနီး ဒေါ်ခင်ခင်လေးက မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းထံ ယဉ်ကျေးမှုဝန်ကြီးဌာနက လှူဒါန်းသော စာရေးဆရာမ မာမာ (ရှေးဟောင်းသုတေသန) ရေးသားသည့် "မိန်းမပြတ်အမေနှင့် အမေ့နေရာဝတ္ထုများ" စာအုပ်များကို ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

❒ **စာမျက်နှာ ၁၂ မှ**

တိုက်ကျွေးခဲ့ရာ မြန်မာနိုင်ငံသည် ဗီတာမင်အေတိုက်ကျွေးခြင်း လွှမ်းခြုံမှုအမြင့်မားဆုံးနိုင်ငံဖြစ်ကြောင်း၊ ဤနေရာတွင် အလျဉ်းသင့်၍ တင်ပြရမည်ဆိုလျှင် အသက်ငါးနှစ်အောက် ကလေးများသေနှုန်းကို ၁၉၉၀ပြည့်နှစ်တွင် ကလေးအရှင်မွေး၁၀၀၀တွင် ၁၃၀သေဆုံးခဲ့ရာမှ ၂၀၀၃ခုနှစ်တွင် ၆၆ ဒသမ ၆အထိ လျှော့ချနိုင်ခဲ့ကြောင်း၊ ၂၀၁၅ခုနှစ်တွင် ၃၈ ဒသမ ၅ အထိ လျှော့ချရန်လျာထားကြောင်း၊ ထို့အတူ တစ်နှစ်အောက်ကလေး သေနှုန်းကိုလည်း ၁၉၉၀ပြည့်နှစ်တွင် ၉၈မှ ၂၀၀၃ခုနှစ်တွင် ၄၉ ဒသမ ၇ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ခဲ့ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနက အသက်ငါးနှစ်အောက် ကလေးသေဆုံးမှုကို ၁၉၉၀ ပြည့်နှစ်မှ ၂၀၁၅ ခုနှစ်အရောက်တွင် သုံးပုံနှစ်ပုံ လျှော့ချနိုင်ရန် စီမံကိန်းချမှတ်ထားခဲ့ကြောင်း၊ ထိုသို့လုပ်နိုင်ရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုများကို စီမံချက်များဖြင့် ပြည့်ဝစွာ လုပ်ဆောင်စေခဲ့သည့်အတွက် ၂၀၀၃ ခုနှစ်အထိဆိုလျှင် တစ်ဝက်နီးပါး အောင်မြင်စွာလုပ်ဆောင်နိုင်ခဲ့ကြောင်း၊ ထိုကဲ့သို့ ကောင်းမွန်သော ရလဒ်များရရှိခြင်းသည် မိမိတို့ ကျန်းမာရေးဝန်ထမ်းများနှင့် ပြည်သူလူထုတို့၏ စုပေါင်းအားထုတ်မှုများပင် ဖြစ်ကြောင်း၊ ဆက်လက်ပြီး စိုက်ပျိုးရေးဖွံ့ဖြိုး တိုးတက်မှုနိုင်ငံတကာရန်ပုံငွေက ထုတ်ပြန်သောစာရင်းဇယားများအရ မြန်မာနိုင်ငံ၏ လက်ရှိအနေအထားကိုတင်ပြလိုကြောင်း။

(က) စားနပ်ရိက္ခာဖူလုံမှုကိန်းညွှန်းဇယားတွင် မြန်မာနိုင်ငံ၏ အနေအထားမှာ အာရှ ၂၄နိုင်ငံအနက် အဆင့်(၆)တွင် ရှိနေသည့်အတွက် မိမိ၏အောက်တွင် ၁၈နိုင်ငံ ရှိနေကြောင်း၊

(ခ) ဆင်းရဲမှုညွှန်းပြကိန်းတွင်လည်း မြန်မာနိုင်ငံသည် အဆင့်(၉) မှာရှိသည့်အတွက် မိမိ၏အောက်တွင် ၁၅နိုင်ငံ ရှိနေကြောင်း၊

(ဂ) သက်ကြီးစာတတ်မြောက်မှုနှုန်း အခြေခံလိုအပ်ချက် ညွှန်းပြကိန်းတွင် မြန်မာနိုင်ငံသည် အဆင့်(၁၂)မှာရှိသည့်အတွက် မိမိ၏အောက်တွင် ၁၂နိုင်ငံ ရှိနေကြောင်း။

သာယာရွှင်ပျော်

အထက်ပါရိက္ခာဖူလုံမှုညွှန်းပြကိန်း၊ ဆင်းရဲမှုညွှန်းပြကိန်းနှင့် အခြေခံလိုအပ်ချက် ညွှန်းပြကိန်းတို့ကို ပျှမ်းမျှတွက်ယူသည့် သက်သာချောင်ချိမှု ညွှန်းပြကိန်းအရ မြန်မာနိုင်ငံသည် အဆင့်(၇)မှာရှိနေသည့်အတွက် ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုအနေဖြင့် ညီမျှတင့်တယ်သော သာယာရွှင်ပျော်ဖွယ်အနေအထားတွင်ရှိသည်ဟု ဆိုနိုင်ကြောင်း ဖြင့်ဆွေးနွေးသွားသည်။

ပညာရေးလုပ်ငန်း အဆိုပါဟောပြောပွဲ၌ပင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ပညာရေးလုပ်ငန်းများဆောင်ရွက်မှုနှင့်ပတ်သက်၍ တွဲဖက်ပညာရေးမှူး ဦးသန်းညွန့်က ဟောပြောရာတွင် နိုင်ငံတော်အစိုးရက တိုင်းရင်းသားပြည်သူများအားလုံး လူနေမှုဘဝ အဆင့်အတန်းမြင့်မားရေးအတွက် နယ်စပ်ဒေသများဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ခု စီမံကိန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းတို့ကို အချိတ်အဆက်မိမိ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

လွှမ်းခြုံလျက်ရှိ

ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် နိုင်ငံသူ၊နိုင်ငံသားများ၏ ပညာရည်မြင့်မားမှု၊ နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက်စွမ်းဆောင်ပေးနိုင်မည့် အသိပညာရှင်များ၊ အတတ်ပညာရှင်များ၊ စဉ်ဆက်မပြတ် ပေါ်ထွန်းနေရေးဆိုသည့် ပညာရေးဆိုင်ရာ အခြေခံကောင်းလည်းဖြစ်ထွန်းရန် လိုအပ်ကြောင်း၊ ထို့ကြောင့် ဒေသခံလူငယ်များအား ပညာရည်ထူးချွန်မှုမှသည် ပညာဉာဏ်ဗဟုသုတနှင့်ပြည့်စုံရေး၊ အမြင်ကျယ်ပြီးအတွေးအခေါ်မှန်ကန်လာစေရေးတို့အတွက် နယ်စပ်အစွန်အဖျား ဒေသများပါမကျန် အခြေခံပညာကျောင်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံဒေသတွင်လည်း တိုင်းရင်းသားတို့၏ ရင်သွေးငယ်များစာအံသံသည် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တစ်ခွင် လွှမ်းခြုံလျက်ရှိကြောင်း။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ကျောင်းနေအရွယ်ကလေးများအားလုံး၏ ကျောင်းဝင်နှုန်းသည် ၉၅ဒသမ ၉၈ရာခိုင်နှုန်းရှိပြီး ပြည်သူများ၏ ကျန်းမာကြံ့ခိုင်ရေးအတွက် ကျန်းမာရေးဆိုင်ရာ ဆောင်ရွက်မှုများမှ ကျန်းမာသန်စွမ်းသော ကလေးငယ်များ၊ အာဟာရ ပြည့်ဝသောကလေးငယ်များ၊ ကျန်းမာရေးနှင့်ညီညွတ်သောမိခင်များ၊ မိခင်လောင်းများသည် ကျိုင်းတုံဒေသတစ်ခွင်တွင် ပေါ်ထွက်ခဲ့ပြီဖြစ်ကြောင်းဟောပြောသည်။ (သတင်းစဉ်)

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် စက်တင်ဘာ ၂၀

ဦးထွန်းထွန်း (Honma Golf) သည် ကစားဖော်များဖြစ်သည့် ဦးရန်နိုင် (Ping Golf)၊ ဦးစိုင်းဆိုင်လှိုင်း(ထီးခမ်းကုမ္ပဏီ)၊ ဦးဇော်မင်း (ရဲမွန်ဆောက်လုပ်ရေး)၊ ဦးကျော်စွာလင်းတို့နှင့် စက်တင်ဘာ ၁၂ ရက်က ရန်ကုန်မြို့တော်စည်ပင်ဂေါက်ကွင်းတွင် ကစားနေစဉ် ကိုက် ၁၃၀ အကွာအဝေးရှိသော ကျင်းအမှတ် (၂)တွင် Iwin Marks(1) Honma ဘောလုံးကို (Wedge) Honma တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်း ကျင်းဝင်သွားသည်။

(က-ပ)

မုတ်သုံလေအား အသင့်အတင့်ရှိမည်

ရန်ကုန် စက်တင်ဘာ ၂၀

လွန်ခဲ့သော ၂၄နာရီအတွင်းက တစ်ပြည်လုံးတွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဒေသအလိုက်နှင့် မွန်ပြည်နယ်၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ယနေ့နံနက်မြန်မာစံတော်ချိန်၀၆:၃၀နာရီအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသောမုန်းတိုင်းငယ်သည် အိန္ဒိယနိုင်ငံ အင်ဒရာပရာဒက်ရှ်ကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီးဖြစ်သည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအား အသင့်အတင့်မှ အားကောင်းနေသည်။

စက်တင်ဘာ ၂၁ရက်ညနေအထိခန့်မှန်းချက်မှာ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရာရန်ရာနှုန်း၈၀ဖြစ်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်ထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေအားအသင့်ရှိမည်။

ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်များဝယ်ယူလိုခြင်း

၂၀၀၅-ခုနှစ်၊ စက်တင်ဘာ ၇ ရက်တွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ပြုလုပ်သည့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် သတ္တမအကြိမ် စာအုပ်လှူဒါန်းပွဲတွင် စေတနာရှင်ပြည်သူများက ငွေသားကျပ် ၂၇၆၂၀၀၀၀လှူဒါန်းခဲ့ကြသည်။ ယင်းလှူဒါန်းငွေများအနက်မှ အဆောက်အအုံအတွက် လှူဒါန်းငွေကျပ်သိန်း၅၀ကိုချန်လှပ်၍ ကျန်ငွေကျပ် ၂၂၆သိန်းကျော်ဖြင့် ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်များဝယ်ယူလိုပါသည်။

သို့ပါ၍ စာပေတိုက်များက ကျေးလက်ပြည်သူများနှင့် သင့်လျော်မည့် မိမိတို့ရောင်းချလိုသော စာအုပ်စာရင်းနှင့်ဈေးနှုန်းကိုဖော်ပြ၍၂၃-၉-၂၀၀၅ ရက်နေ့နောက်ဆုံးထား၍ စောနိုင်သမျှစောစွာ အောက်ပါလိပ်စာအတိုင်း ဆက်သွယ်ပေးပို့ရန်ဖြစ်ပါသည်-

ဆက်သွယ်ပေးပို့ရန်

ဦးသန်းထွန်း
ဒုတိယညွှန်ကြားရေးမှူး(ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး)
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
အမှတ် ၂၂/၂၄၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့
ဖုန်း-၀၁-၂၅၂၄၅၁၊ ၀၁-၂၅၂၄၅၇၊ ၀၁-၃၇၉၇၆၉

ပြင်သစ်နိုင်ငံပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေးအတွက် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မင်္ဂလာလမ်းနေ ဦးစိန်-ဒေါ်ကြင်ငွေ့၊ သမီးထွေး ဒေါ်ကွေရိန်တို့က ငွေကျပ် ၁၂၁၁၀၀ကို ဥက္ကဋ္ဌ ဦးရှိန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရိုးသားဖြူစင်မှု ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၀

ရန်ကုန်တိုင်း ဒလမြို့နယ် သမ္ဘတကမ်းခြေ ကျောက်ဆွဲဌာနဝင်း၊ လိုင်း(က) အခန်း(၃)နေ အဖဦးတင်ငြိမ်း-အမိဒေါ်မြစိန်တို့၏သမီးဖြစ်သူ ဒေါ်ငယ်ငယ်အောင်သည် စက်တင်ဘာ ၁၁ရက်က နဝင်းတိုင်းရင်းအထူးကုဆေးခန်းအတွင်း၌ ငွေကျပ်၁၀သိန်းတန် စိန်လက်စွပ်တစ်ကွင်းကို တွေ့ရှိကောက်ရသဖြင့် ပိုင်ရှင်ဖြစ်သူ ဒေါ်မိုးစန္ဒာ(တရားရုံးချုပ်ရှေ့နေ)ထံ ရိုးသားဖြူစင်စွာပြန်လည်ပေးအပ်ခဲ့သည့်အတွက် ရိုးသားဖြူစင်မှု ဂုဏ်ပြုပွဲကို စက်တင်ဘာ ၁၉ရက် ညနေက ရန်ကုန်မြို့ပန်းဘဲတန်းမြို့နယ် ဗိုလ်ဆွန်ပက်လမ်း၊ အမှတ်(၁၉/၄၃)ရှိ နဝင်းတိုင်းရင်းအထူးကုဆေးခန်း၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်က အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ ရန်ကုန်တိုင်းရဲတပ်ဖွဲ့ ဒုတိယရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဝင်းမြင့်က ဂုဏ်ပြုချီးကျူးစကားပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။ ထို့နောက် နဝင်းတိုင်းရင်းအထူးကုဆေးခန်းမှ ဆရာဦးငွေစိုး(နဝင်း)က ဂုဏ်ပြုပွဲ ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဂုဏ်ပြုဆုငွေများကို ပေးအပ်သည်။ **(ဝဲပုံ)**

(က-ပ)

ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ်ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ကြိုဆိုနှုတ်ဆက်

ရန်ကုန် စက်တင်ဘာ ၂၀

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General Chaisit Shinawatra ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ယနေ့မွန်းလွဲပိုင်းတွင် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာသည်။

ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့် တပ်မတော် စစ်သေနာပတိချုပ် ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✧

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး ပြည်ထောင်စု မြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီး လည်ပတ်ရန် ရောက်ရှိလာသည့် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General Chaisit Shinawatra ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ်နှင့် အဖွဲ့အား ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံပြီး ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

ရန်ကုန် စက်တင်ဘာ ၂၀

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General Chaisit Shinawatra နှင့်အဖွဲ့အား ယနေ့ညနေ ၆နာရီခွဲတွင် ရန်ကုန်မြို့ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❍

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General Chaisit Shinawatra နှင့် အဖွဲ့ဝင်များအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)